ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 18 February 2021 ၁၀၂၉၂

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan-CERP) အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်မှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်က ထုတ်ပြန်ခဲ့သော CERP စီမံချက်အရ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရန်ဖြစ်ကြောင်း၊ CERP တွင် ပန်းတိုင် (၇) ရပ်၊ မဟာဗျူဟာ (၁၀) ခု၊ လုပ်ငန်းစဉ် (၃၆) ခုနှင့် လုပ်ဆောင်ချက် (၇၈) ခုတို့ရှိသည့်အနက် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စောင့်ကြည့်အကဲဖြတ်ရေးအဖွဲ့ဖြင့် သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မျှော်မှန်းသော ရည်မှန်းချက်သို့ ရောက်ရှိခြင်း ရှိ/မရှိ သုံးသပ်၍ လိုအပ်ပါက တိုးချဲ့ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဖေဖော်ဝါရီ ၁၄ ရက်က B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး - ကျိုက်ထို - မော်လမြိုင်လမ်း (ဘုရားကြီး-ကျိုက်ထိုအပိုင်း) တံတား ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးအပိုင်းတွင် ပါဝင်သည့် ကျိုက်ထိုမြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-သံဖြူဇရပ်-ရေး-ထားဝယ် လမ်းအပိုင်းကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်(AC) ခင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၀ နှင့် ၄၆/၀)အကြားရှိ ကလောပိတံတားကြံ့ခိုင်မှု၊ တံတားအဝင်/အထွက် ကျောက်ခင်းခြင်း၊ လမ်းသားရေတိုက်စားမှုကာကွယ်ရန်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒



ကြေးမုံ ယနေ့ ဖတ်စရာ

**တိမ်ညိုကြင်းလို့ လမင်းသာချိန်**

ဆောင်းပါး စာမျက်နှာ » ၆

--------------------

**ကျန်းမာရေးသူရဲကောင်းကြီးများထံသို့ အိတ်ဖွင့်ပေးစာ**

ဆောင်းပါး စာမျက်နှာ » ၁၅


# လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူသို့အသိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် CDM အဖျက်အမှောင့် ပြုလုပ်နေသော မသမာသူအချို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာပေးတော့မည်မဟုတ်ကြောင်း အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယင်းကောလာဟလများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာဖြင့် မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်သွားပါရန်နှင့် လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။ **သတင်းစဉ်**



ကြေးမုံ

# မိဘပြည်သူများအား ပြုစုစောင့်ရှောက်

မိဘပြည်သူများ လိုအပ်နေသည့် ရောဂါဝေဒနာကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ပေးခြင်းအမှုသည် မည်မျှမွန်မြတ်ဖွယ်ကောင်းသနည်း။ မည်မျှစိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ် ကောင်းသနည်း။ ပြောပြ၍ပင် ရနိုင်မည်မထင်ပါ။ မိမိတို့ခံစားနေရသော ရောဂါဝေဒနာများကို သက်သာပျောက်ကင်းအောင် ပြုစုကုသမှုပေးသူအား ကာယကံရှင်များက မည်မျှဝမ်းမြောက်ကျေးဇူးတင်ကြသည်မှာ အတိုင်းမသိပါ။

သို့သော် ထိုကောင်းသောအမှု၊ အလွန်မွန်မြတ်သောအမှုများမှာ ယခုလတ်တလောတွင် ပျောက်ကွယ်နေသည်ဖြစ်၍ များစွာစိတ်မကောင်းဖြစ်မိသည်။ ဝမ်းနည်းမိသည်။ မိဘပြည်သူများအား နေ့စဉ်ကျန်းမာရေးဆိုင်ရာ ပြုစုကုသစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံရေးအပြောင်းအလဲဖြစ်သည့်အပေါ် စိတ်ခံစားချက်ဖြင့် ၎င်းတို့အနစ်နာခံဆောင်ရွက်ခဲ့သော အများပြည်သူဆိုင်ရာ ဆေးရုံများကို စွန့်ခွာသွားခဲ့ကြသည်။ CDM ဟုလှုံ့ဆော်သော ရုံးမတက်နှင့် ရုံးထွက် ဆန္ဒပြမှုတွင် လိုက်ပါသွားကြသည်။

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်ဆက်နွယ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များဆိုလျှင် သိကြပေလိမ့်မည်။ ၎င်းတို့သည် ဒဏ်ရာအနာတရရသူ ပြည်သူတို့အား ဆေးရုံမရောက်မီ၊ အခြေအနေမဆိုးမီ အရေးပေါ်ပြုစုကုသပေးကြသူများ ဖြစ်သည်။ စစ်မြေပြင်များတွင်လည်းကောင်း၊ ပဋိပက္ခဖြစ်ပွားစဉ်တွင်လည်းကောင်း ဒုက္ခရောက်နေသူများကို ရန်သူ/မိတ်ဆွေ မခွဲခြားဘဲ ပြုစုစောင့်ရှောက်မှုပေးကြသည့် မွန်မြတ်သော စေတနာရှင်များဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများသည်လည်း အလားတူပင်ဖြစ်သည်။

ပြီးခဲ့သည့်ကာလတစ်လျှောက်လုံးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသောအထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှေ့တန်းမျက်နှာစာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံကာ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်နှင့်တကွ တိုင်းရင်းသားပြည်သူအပေါင်းတို့က လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ပြု မှတ်တမ်းတင်ခဲ့ကြသည်။

ယခုအခါ တိုင်းပြည်နိုင်ငံရေး အပြောင်းအလဲဖြစ်နေသော အချိန်ကာလတွင် CDM ဟူ၍ ပြည်တွင်း ပြည်ပ သွေးထိုးလှုံ့ဆော်မှုကြောင့် ပြည်သူ့ဆေးရုံအသီးသီးကို စွန့်ခွာသွားကြသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အစဉ်အားကိုးအားထားပြုနေကြသော တိုင်းရင်းသားမိဘပြည်သူများ၏ မျက်နှာကို ထောက်ထားညှာတာသောအားဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန် တိုက်တွန်းအပ်ပါသည်။ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း ပြန်လည်ဝင်ရောက်လာမည့်ဝန်ထမ်းများ အဆင်ပြေစေရေးအတွက်လည်း ဖေးမကူညီပေးကြရမည်ဖြစ်သည်။

ယခုအခါတွင် ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါသည် ဖြစ်ပွားနေဆဲဖြစ်သည်။ လက်ရှိတွင် ရောဂါဖြစ်ပွားနှုန်းကျဆင်းနေသည်ဟု ဆိုသော်လည်း ကိုဗစ်-၁၉ ရောဂါပိုး ရှာဖွေစစ်ဆေးမှုအပိုင်းတွင် CDM ကိုအကြောင်းပြု၍ ဆောင်ရွက်နိုင်ခြင်း မရှိသည်မှာ သေချာပါသည်။ ရောဂါပိုးကို ရှာဖွေစစ်ဆေးနိုင်ခြင်းမရှိလျှင် ပြည်သူများကြားတွင် ရောဂါပျံ့နှံ့ရောက်ရှိနေနိုင်ပြီး ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ကာ ပြည်သူများပင် ဒုက္ခအခက်အခဲ ရောက်နိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန် မေတ္တာရပ်ခံပါသည်။ ကိုဗစ်-၁၉ ရောဂါပိုးကို ပုံမှန်အတိုင်း စစ်ဆေးပေးနိုင်စေရန် မြန်မာပြည်တစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုပါသည်။

ယခုအချိန်အခါသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့်အချိန်ဖြစ်သောကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူ ရောဂါဝေဒနာရှင်များ၏ ထိခိုက်ခံစားနေသည့် မျက်နှာကို ထောက်ရှု၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ဝန်ထမ်းအားလုံးတို့ကို ရောဂါဝေဒနာရှင် တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့က အားကိုးတကြီး မျှော်လင့်စောင့်စားနေကြပါသည်။ တိုင်းရင်းသားမိဘပြည်သူများ၏ ရောဂါဝေဒနာ ပျောက်ကင်းသက်သာရေးအတွက် ပြည်သူ့ဆေးရုံအသီးသီးသို့ ပြန်လည်ဝင်ရောက်ကြရန် အထူးတလည် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

# တိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဆရာတော်ကြီးများအား သင့်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ညနေ ၃ နာရီက အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မဟာဘွဲ့နှင်းခန်းမ)၌ ပြုလုပ်ခဲ့သည်။



**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနား တက်ရောက်လာသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများ ဟောကြားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြကာ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မစိုးရိမ်တိုက် ပါဠိနယူပဒေကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

သတင်းစဉ်

# သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၆၀၀ | ၀ | ၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၂၄ | ၈၄,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၉၀၀ | ၇၁ | ၂၀၄,၉၀၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၁ | ၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။




ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

# အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက် စာရင်းများ ပိုမိုနေကြောင်း တွေ့ရ

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ ရွေးကောက်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းလို့ အတိအလင်းပြဋ္ဌာန်းပါတယ်။ မဲစာရင်းများပြုစုခြင်းနဲ့ ပြင်ဆင်ခြင်းဟာ UEC ရဲ့ တာဝန်ပဲဖြစ်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါ မဲစာရင်းများကို ဖြစ်သလိုပြုလုပ်ထားတာ တွေ့ရပါတယ်။ အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက်ကို စာရင်းများ ပိုမိုနေကြောင်း တွေ့ရပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၁၁-၂-၂၀၂၂ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ရှိ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒေသအသီးသီး၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် လူမှုစီးပွားကဏ္ဍအသီးသီး၌ပါ ထိခိုက်မှုများ ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရောဂါကူးစက်မှုနှင့် ပြီးဆုံးမည့် အခြေအနေကို ခန့်မှန်းရန် ခက်ခဲသည့်အတွက် ကာကွယ်ဆေးများ တစ်နိုင်ငံလုံးအတိုင်းအတာ ထိုးနှံပြီးမှသာ စိတ်ချရမည့် အခြေအနေဖြစ်ပါကြောင်း၊ ကာကွယ်ဆေး အမြန်ဆုံး ထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိပြီး ကြားကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အသိ၊ သတိတို့ဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ ခေတ္တပိတ်ထားရသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ လူငယ်သင်တန်းကျောင်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများကိုလည်း ကိုဗစ်-၁၉ အလွန်ကာလများတွင် စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နည်းပြများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး Capacity Building အတွက် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ရေး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို သတိပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် "တစ်နိုင်ငံလုံး အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်စေရေး" ဟူသော မဟာဗျူဟာအရ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် ပြည်မအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရုံသာမက ဖွံ့ဖြိုးမှုရေရှည်တည်တံ့စေရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ဦးတည်ချက်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသများတွင် အမှန်တကယ်မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်၏ဘဏ္ဍာငွေ အကန့်အသတ်ဖြင့် ခွင့်ပြုမှုအရ ဦးစားပေးအလိုက် အဆင့်ဆင့်ကြပ်မတ်စစ်ဆေးလျာထားခွင့်ပြုခဲ့သည့် လုပ်ငန်းများဖြစ်၍ နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မဖြစ်ပေါ်စေရေး၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်ဝစေရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အဆင့်ဆင့်သော ဝန်ထမ်းများအားလုံး တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စနစ်တကျစစ်ဆေးကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ သတိပြုဆင်ခြင်ကြစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေး၏ အသုံးချခံမဖြစ်စေရေးနှင့် နစ်နာခြင်းမရှိစေရေးအတွက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှု၍ ဆင်ခြင်တုံတရားဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြကြပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာလုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကိုဗစ်-၁၉ အလွန်ကာလ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆရာ ဆရာမများနှင့် နည်းပြများ အရည်အသွေးမြင့်မားစေရေး သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများ၊ ဝန်ထမ်းရေးရာဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းဌာန ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ကျောင်းအုပ်များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ ပညာရေး၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး စသည့် လုပ်ငန်းစုစုပေါင်း ၅၆၀ အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၆၂၃၄၃ ဒသမ ၇၆၃ ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်း ၃၄၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၀၂၃၆ ဒသမ ၄၆၆ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ကိုဗစ်-၁၉ မှ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်ဆေးခံနိုင်ရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကူးစက်မှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့သည့်လုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများအနက် အလျင်အမြန်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မြန်မြန်ထက်ထက် ဆောင်ရွက်ခြင်း၊ ထပ်မံထည့်သွင်းသင့်သည့် လုပ်ငန်းများကို ထပ်မံထည့်သွင်းခြင်းတို့ဖြင့် CERP ကို အခြေခံသော လက်ရှိအခြေအနေနှင့် ကိုက်ညီမည့်အစီအမံများ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအပေါ် ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့နိုင်ရန် G to G သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
မြန်မာ့ဆန်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆန်တန်ချိန် တစ်သိန်း တင်ပို့နိုင်ရန်**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့နိုင်ရန် G to G သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ အချိန်တိုအတွင်း တန်းမြင့်ဆန် တန်ချိန် တစ်သိန်း တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ ပူးပေါင်း၍ Task Force ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်အပြင် အခြားလယ်ယာထွက်ကုန် တင်ပို့မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနများဘက်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်တွင်း၌ စားနပ်ရိက္ခာ ဖူလုံရန် လိုအပ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် သီးနှံများ ဈေးကောင်းရရှိရန် ပို့ကုန်ဈေးကွက်မှာ အရေးကြီးပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်တန်ချိန် တစ်သိန်း တင်ပို့ရာတွင် လိုအပ်သည့် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့်Contract Farming စနစ် အောင်မြင်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။



အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့် အစည်းအဝေးဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**
ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Policy Review Body (TPRB) က ဦးဆောင်၍ Virtual စနစ်ဖြင့် ပြုလုပ်သည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း ပါဝင်တက်ရောက်သည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ရှေးဦးစွာ အစည်းအဝေးအစီအစဉ်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ TPRB ဥက္ကဋ္ဌ အိုက်စလန်နိုင်ငံ သံအမတ်ကြီး Mr. Harald Aspelund က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများနှင့် ကတိကဝတ်များကို မိမိတို့နိုင်ငံအနေဖြင့် အကောင်းဆုံးလိုက်ပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမနေ့ အစည်းအဝေးတွင် ကနေဒါ၊ အမေရိကန်၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ ယူကေ၊ ဂျပန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ စင်ကာပူ၊



တရုတ်၊ တူရကီ၊ အင်ဒိုနီးရှား၊ အီးယူ၊ ဘရာဇီး၊ လာအို၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ချက်၊ ဩစတြေးလျနှင့် နီပေါနိုင်ငံတို့မှ စုစုပေါင်းကိုယ်စားလှယ် ၂၃ ဦးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒအစီရင်ခံစာပါ အချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည့်အပြင် မေးခွန်းအချို့ကိုလည်း ထပ်မံမေးမြန်းခဲ့ပါကြောင်း၊ ဇန်နဝါရီ ၁၁ ရက် နောက်ပိုင်းပေးပို့ခဲ့သော မေးခွန်းများအတွက် အဖြေများကို သတ်မှတ်အချိန်ဇယားအမီ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း။

ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေးကိစ္စထက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် ပါဝင်ဆောင်ရွက်နေမှုများကို ပွင့်လင်းမြင်သာစွာ အစီရင်ခံခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒအပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ ချမှတ်ထားသည့် အစီအမံများကိုသာ အလေးထားကာ Technical Nature အရ ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား အဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များကို အဖွဲ့ဝင်အားလုံးက တက်ကြွစွာလိုက်ပါဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို မြန်မာနိုင်ငံက အစဉ်တစိုက် အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သုံးသပ်ဆွေးနွေး**

ထို့နောက် Discussant ဖြစ်သူ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Kirsti Kauppi က သုံးသပ်ပြောကြားပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ TPRB ဥက္ကဋ္ဌ အိုက်စလန်နိုင်ငံ သံအမတ်ကြီး Mr. Harald Aspelundက မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ၎င်း၏အမြင်များကို ထပ်မံသုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ဆက်စပ်သောဌာနများမှ စုစုပေါင်းကိုယ်စားလှယ် ၃၀ Online ဖြင့် ချိတ်ဆက်တက်ရောက်ခဲ့ကြပြီး ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်/ သံအမတ်ကြီးနှင့် ဘာသာရပ်တာဝန်ခံသံမှူးအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များက In person ဖြင့်လည်းကောင်း၊ Virtual Platform အသုံးပြု၍လည်းကောင်း ပါဝင်တက်ရောက်ကြကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အပြီးသတ် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

❒ ရှေ့ဖုံးမှ

မြေထိန်းနံရံ တည်ဆောက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၆၅/၄ မှ ၇၂/၇ အထိ)ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ၂၄ ပေ အကျယ် နှစ်လမ်းသွားအဖြစ် လမ်းလယ်မျဉ်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ထားဝယ်မြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက ထားဝယ်မြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှု၊ အဆိုပါလမ်းပေါ်တွင် လမ်းဦးစီးဌာန ထားဝယ်ခရိုင် ထားဝယ်မြို့နယ်မှ မိုင်တိုင် (၄ ဒသမ ၃ ကီလိုမီတာနှင့် ၆ ကီလိုမီတာကြားတွင်) အရှည် ၁၂ ဒသမ ၁၉ မီတာ သံကူကွန်ကရစ်တံတား တစ်စင်းနှင့် အရှည် ၁၅ ဒသမ ၂၄ မီတာ သံကူကွန်ကရစ်တံတား တစ်စင်း စုစုပေါင်း နှစ်စင်း တည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၄)မှ တာဝန်ရှိသူက ပေါက်တိုင်းတံတားတည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ သုံးစွဲရန်လိုကြောင်း၊ ယခုမြို့ရှောင်လမ်း ဆောင်ရွက်ခြင်းဖြင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် တိုင်းဒေသကြီးရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်အချိန်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် လုပ်ငန်းများရပ်တန့်မနေဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေး မိမိတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် အလေးထား ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း တာဝန်ယူဆောင်ရွက်သည့် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများက မိမိတို့တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမရပူရမြို့နယ် နံကပ်အင်းအတွင်း ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းပြီးစီးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲက အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေခဲကျေးရွာ နံကပ်အတွင်းရှိ ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းမှ လုပ်ငန်းများပြီးစီးမှုအခြေအနေအား သွားရောက်ကွင်းဆင်းစစ်ဆေးသည်။





စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဆိုပါစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မန်နေဂျာက ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်ပါရှင်းလင်းတင်ပြရာ မန္တလေးမြို့တော်ဝန်က အဆိုပါစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ရေစုပ်ပန့်များ တပ်ဆင်ပြီးစီးမှု၊ Substation နှင့် လျှပ်စစ်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေးတို့အတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းက ရေဝတီမြစ်ရေကြီးချိန်တွင် တာရိုးကျိုးပေါက်ခဲ့သည့် နေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ တာရိုးကျိုးပေါက်ခဲ့မှုဖြစ်ပွားခဲ့စဉ်အချိန်က တာရိုးပေါက်သည့်နေရာအား ကျောက်တုံးကြီးများ၊ သဲအိတ်များဖြင့် ပိတ်ဆို့ခဲ့ရသည်။ ထို့ပြင် Gravity Flow ဖြင့် စီးဆင်းသည့် ရေထိန်းတံခါးရှေ့တွင်လည်း သဲအိတ်များဖြင့် ယာယီပိတ်ဆို့ခဲ့ရပြီး နံကပ်အင်းအတွင်းရှိ ရေများကိုရေစုပ်စက်များဖြင့် စွန့်ထုတ်ဆောင်ရွက်ခဲ့ရသည့်အတွက် ပြီးခဲ့သည့် ၁၃ လအတွင်း လျှပ်စစ်မီတာခမှာ ငွေကျပ် ၃၆၇၇ သိန်း ကုန်ကျခဲ့သည်။ ယခုအခါ နံကပ်အင်းအတွင်းရှိ ရေများကို မူလလုပ်ငန်းစဉ်အတိုင်း Gravity Flow ဖြင့် စီးဆင်းစေရန် ပိတ်ဆို့ထားသော သဲအိတ်၊ ကျောက်ကြီးအကာအရံများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့သဖြင့် တစ်လလျှင် လျှပ်စစ်မီတာခ ငွေကျပ် ၄၅၉ သိန်းခန့် ကုန်ကျစရိတ် လျော့နည်းသက်သာသွားမည် ဖြစ်သည်။

ယခုမိုးရာသီတွင် တာရိုးထပ်မံကျိုးပေါက်မှုမရှိစေရေး ပြန်လည်ပြုပြင်ရန်လိုအပ်သည့်အတွက် ဌာနပေါင်းစုံအင်ဂျင်နီယာအဖွဲ့နှင့် ပြင်ပပညာရှင်များအား ကော်မတီဖွဲ့၍ အစည်းအဝေးခေါ်ယူပြီး တာရိုးအခိုင်အမာပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို မိုးမကျမီ ဆောင်ရွက်စေရေးတို့အတွက် လမ်းညွှန်ခဲ့သည်။

အဆိုပါ ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းပြီးစီးပါက ရွှေတချောင်း၊ သင်္ဂဇာချောင်းနှင့် နံကပ်အင်း ပတ်ဝန်းကျင် ရေကြီးရေလျှံခြင်းကို လျှော့ချနိုင်မည်ဖြစ်ပြီး မန္တလေးမြို့၏ရေဆိုးစွန့်ထုတ်မှုစနစ် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ပြင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့်ရောဂါဖြစ်ပွားမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ စည်ပင် ၁၂ ထပ်ခွဲရုံး၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများ၊ ခရိုင်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယမြို့တော်ဝန် ဦးညီညီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် တိတိကျကျဖြင့် ယခုအစည်းအဝေး တက်ရောက်လာသူများနှင့်အတူပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြစေ၍ စုပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေများ အောက်ခြေဝန်ထမ်းများအထိ သိရှိအောင် သတင်းစာ မှန်မှန်ဖတ်စေရန်နှင့် City FM ကိုလည်း နားထောင်စေလိုကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုကြောင်း၊ မိမိဝန်ထမ်းများ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အားလုံးရုံးတက်စေလိုကြောင်း၊ ခွင့်ပြုပေးထားသည့် လုပ်ငန်းများအားလုံး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေက ဌာနများအနေဖြင့် ဝန်ထမ်းများ တက်ညီလက်ညီဖြင့် စည်းကမ်းစနစ်ကျနပြီး ဥပဒေကို လေးစားလိုက်နာကာ တာဝန်ကျေပွန်သူများ ဖြစ်စေရန်၊ အထက်အဆင့်များ၏ ညွှန်ကြားချက်များနှင့်အညီ မြို့တော်ကြီးကို အချိန်တိုအတွင်း သိသာပြောင်းလဲ တိုးတက်မှုရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘတ်ဂျက်လျာထားချက်အပေါ်မူတည်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို မြန်မြန်ဆောင်ရွက်စေလိုကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် လူထုနှင့် အနီးကပ်ထိတွေ့ဆက်ဆံရသည့် ပုဂ္ဂိုလ်များဖြစ်၍ လူထုလိုအပ်ချက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူထုကျေနပ်မှုရှိစေရန် စည်ပင်ဥပဒေ လုပ်ထုံးလုပ်နည်းများကို သေချာသဘောပေါက်အောင် ရှင်းပြပြီး အောက်ခြေလုပ်ငန်းဆောင်ရွက်သူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်း နားလည်သူများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ကာ လူထုဆက်ဆံရေးကို ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူ ဌာနမှူးများ၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိမ်ညိုကြင်းလို့ လမင်းသာချိန်

မိုးမိုးမြင့်

**"တိမ်ညိုကြင်းလို့**
**လမင်းသာပြီ**
**ကြယ်တွေလှတာ ကြည့်ရအောင်"**

သည် ကဗျာလေးဖတ်မိတော့ ကျွန်မရင်ထဲ လမင်းကြီးတစ်စင်း ထွန်းလင်းလာသလို ခံစားရသည်။ အမှန်ပင် မြူတိမ်တွေကင်းစင်ပြီး ကောင်းကင်တစ်ခုလုံး ကြည်လဲ့ဝင်းပကာ ကြယ်နက္ခတ်တာရာတွေ စုံလင်နေသလိုထင်မိ၏။ သည်လိုညခင်းမျိုး ကျွန်မစောင့်မျှော်နေရတာ ကြာခဲ့ပါပြီ။

**အရွယ်ကစကားပြောလာခြင်း**

အသက်အရွယ်လေးရလာတော့ လူအချို့နှင့် စကားပြောဆိုရသည်မှာ အဆီအငေါ် သိပ်မတည့်လှပေ။ အထူးသဖြင့် ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့ပြီး အမှန်တရားနှင့် ကင်းဝေးနေသူအချို့နှင့် ပြောဆိုဆက်ဆံရသည့် အခါတိုင်း စိတ်နှလုံးမသာမယာဖြစ်ရ၏။ သမိုင်းကို လိမ်ညာဖုံးကွယ်ကာ မိမိထင်ရာမြင်ရာ သိထားသည့်အရာများကိုသာ တရားသေစွဲကိုင်ပြီး မျက်စိမှိတ် ပြောဆိုနေကြသူများ ကျွန်မပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် များစွာရှိနေကြသည့်အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

အယူအဆသဘောထား မတူညီသည်ကို နားလည်လက်ခံနိုင်သော်လည်း ထိုးဇာတ်ဆန်ဆန် သမိုင်းအမှားများကို ပြောဆိုလာသည့်အခါတိုင်း ကျွန်မနှင့်အဆင်မပြေဖြစ်ရသည်။ ယင်းသဘောထား မမှန်မှုများကြောင့်ပင် အချို့မိတ်ဆွေများကို ကျွန်မ လမ်းခွဲခဲ့ရ၏။ နောက်ပိုင်းတွင် အငြင်းပွားစရာ အကြောင်းအရာများကို ဥပေက္ခာပြုကာ ရှောင်ဖယ်တတ်လာသည်။ ရသမျှ အချိန်လေးများကို ကျွန်မသမီးလေး ရှေ့ရေးအတွက်သာ ဖြည့်ဆည်းရင်း အချိန်ကုန်စေတော့သည်။ တကယ်တော့ ကျွန်မသမီးလေး အနာဂတ်သည် ကျွန်မအနာဂတ်၊ ကျွန်မတို့နိုင်ငံ၏ အနာဂတ်ဖြစ်သည်။ အတိတ်က ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အငြင်းပွားနေရုံဖြင့် ဘာမှအလုပ်မဖြစ်တော့ဟု နားလည်မိသည်။ အနာဂတ်ဘဝများ ဝေဝါးခဲ့ရသည့် ကျွန်မတို့ငယ်ဘဝများလို ကျွန်မသမီးလေးအနာဂတ်ကို အဖြစ်ခံလို့မရပေ။

**"သေဆုံးပြီးသား မျိုးဆက်များ၏ အစဉ်အလာနှင့် စိတ်ဒဏ်ရာများမှာ သက်ရှိထင်ရှားရှိနေကြသူများ၏ ဦးနှောက်ပေါ်တွင် အိပ်မက်ဆိုးတစ်ခုပမာ ဖိစီးလျက်ရှိနေတတ်သည်"** ဆိုသည့် ကား(လ)မက်ခ်(ခ်)၏ အဆိုအမိန့်ထဲကလို ကျွန်မတို့ကို အိပ်မက်ဆိုးများ ဖိစီးနေခဲ့လေပြီ။

**အိပ်မက်ဆိုးများ**

ကျွန်မငယ်စဉ်က ဖေဖေကြုံတွေ့ခဲ့ရသည့် အရေးအခင်းကြီးများကို ပုံပြင်နားထောင်သလို နားထောင်ခဲ့ရသည်။ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည့် ဖေဖေက တစ်ခါတစ်ရံ လုပ်ငန်းခွင်က အဖြစ်အပျက်လေးများကို ရင်ဖွင့်တတ်သလို တစ်ခါတစ်ရံ သမိုင်းအဖြစ်အပျက်များနှင့် ယင်းဖြစ်ရပ်များမှာ ပါဝင်ခဲ့ကြသည့် ဇာတ်ကောင်ကြီးများကို စီကာပတ်ကုံး ပြောပြတတ်သည်။ မှတ်မှတ်ရရဆိုရလျှင် ၁၉၆၂ ခုနှစ် တပ်မတော်အာဏာရယူခဲ့မှုများနှင့် ဦးသန့်အရေးအခင်းများသည် ဖေဖေ့နှုတ်ဖျားတွင် ရေပန်းအစားဆုံးဖြစ်သည်။

သမိုင်းဇာတ်စုံကို ထပ်ခါထပ်ခါ ပြောဖန်များလာတော့ ကျွန်မတို့လည်း နားရည်ဝကာ အလွတ်နီးပါး ရနေတော့၏။ တစ်ခါတလေ "ဖေဖေရယ်...ဒီအကြောင်းတွေက ထပ်နေပြီလေ"လို့ ပြောသည့်အခါ "ငါ့သမီး သိစေချင်လို့ပါ"ဟုသာပြောပြီး စကားကို အဆုံးသတ်ပေးသည်။

ဖေဖေတို့မျိုးဆက်တွင် ဤအရေးအခင်းကြီးများကြောင့် စိတ်ဒဏ်ရာ မည်မျှရရှိခဲ့သည်ကို မသိနိုင်ပေမယ့် သက်ရှိထင်ရှားရှိနေသည့် ကျွန်မအတွက်တော့ အမှန်ပင် အိပ်မက်ဆိုးအဖြစ် ကျန်ရှိနေခဲ့သည်။

အပြောင်းအလဲတို့မည်သည် အချိန်ကာလကိုလိုက်၍ လှုပ်ရှားလည်ပတ်တတ်သည်မှာ ဓမ္မတာဖြစ်သည်။ အသွင်သဏ္ဌာန်အားဖြင့် ပြောင်းလဲမှုရှိတတ်သလို ချိန်ကိုက်နှုန်းဖြင့်လည်း ပြောင်းလဲတတ်ကြ၏။ အချို့သော အပြောင်းအလဲများက ပုံမှန်သဘာဝကျစွာ လိုက်နာပြောင်းလဲမှုရှိသလို အချို့ပြောင်းလဲမှုများမှာ မည်သည့် စည်းမျဉ်းဥပဒေနှင့်မျှ ထိန်းကွပ်၍ မရနိုင်တော့သည့် ကြမ်းတမ်းသည့် အသွင်သဏ္ဌာန်များဖြင့် ပြောင်းလဲမှုများဖြစ်ပေါ်နေတတ်သည်။

ဖေဖေကြုံတွေ့ခဲ့ရသည့် အရေးအခင်းကြီးမျိုး ကျွန်မကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ကြုံရလိမ့်မည်ဟု လုံးဝထင်မထားခဲ့ပေ။ ဖေဖေပြောပြခဲ့သည့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တပ်မတော် အာဏာယူခဲ့ချိန်မှ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့ (ပထမအကြိမ် ပြည်သူ့လွှတ်တော် စတင်ကျင်းပသောနေ့)အထိ အချိန်(အတိအကျဆိုရလျှင် ၁၂ နှစ်)ကာလမျိုး သံသရာတစ်ပတ်လည်လိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ပါ။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ၁၉၇၄ ခုနှစ်မှစတင်၍ ၁၄ နှစ် ၆ လကြာ တည်မြဲခဲ့သည့် ဒုတိယဖွဲ့စည်းပုံအခြေခံဥပဒေကြီး ချုပ်ငြိမ်းပြီး တပ်မတော်က နိုင်ငံ့တာဝန်ကို တစ်ပတ်ပြန်လည်တာဝန်ယူခဲ့ရသည့် ဖြစ်စဉ်ကြီးကိုတော့ ဖေဖေပြောပြစရာ မလိုတော့ဘဲ ကိုယ်တိုင် တွေ့မြင်ခံစားခဲ့ရသည်။

ကျွန်မတို့ မျိုးဆက်ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံနှင့် ဖေဖေတို့မျိုးဆက်ကြုံတွေ့ခဲ့ရသည့်သမိုင်းဖြစ်ရပ်များကို နှိုင်းယှဉ်လေ့လာရင်း အိပ်မက်ဆိုးများပမာ ဖိစီးခဲ့ဖူးသည်။ ယင်းအိပ်မက်ဆိုးများကို ကျွန်မသမီးလေးတို့ မျိုးဆက်လက်ထက်တွင် လွတ်ကင်းစေချင်သည်။ သူတို့ အနာဂတ်လှပသာယာစွာ ရှိနေစေချင်သည်။ နှစ်ပေါင်းများစွာ ဖြစ်ပေါ်နေသည့် နိုင်ငံရေးမိုးသက်မုန်တိုင်းများမှ ကင်းဝေးစေချင်သည်။ လက်ဝဲ၊ လက်ယာ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ အရင်းရှင်စသည့် ဝါဒအထုံများမှ ကင်းလွတ်ပြီး တိုင်းပြည်ပကတိအခြေအနေကို နားလည်သိမြင်စေချင်သည်။ ၁၉၈၈ ခုနှစ်ကဲ့သို့ လှိုင်းလေပြင်းထန်သော မုန်တိုင်းတစ်ခု ကျရောက်ခဲ့သည့် ဖြစ်စဉ်မျိုး လုံးဝ မလိုလားပေ။ ဤမုန်တိုင်းကြောင့် ဘယ်မျှရိုက်ခတ်ခံရသည်ကို ကျွန်မတို့ မျိုးဆက် အသိဆုံးပင်ဖြစ်သည်။

**ဖုံးကွယ်ထားသော အမှန်တရား**

ဝန်ထမ်းဘဝက အနားယူပြီးနောက်ပိုင်း သမီးလေးအတွက် အချိန်ပိုပေးနိုင်လာသည်။ သမီး၏ ပညာရေးခရီးဆုံးခန်းတိုင်အောင် ပါရမီဖြည့်ဆည်းရင်း ကျွန်မ၏ ဘဝဆည်းဆာချိန်များကို ကုန်ဆုံးနေရသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် ပညာရေးပင်ဖြစ်သည်။ ပညာကိုအခြေခံသည့် လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။ လူနေမှုအဆင့်အတန်းမြင့်မားမည်ဟု ယုံကြည်သည်။ ယနေ့လူငယ်များ၏ တိမ်းညွတ်မှုမှာ ပညာသင်ယူမှုဘက်တွင် ရှိနေသည့်အတွက် လွန်စွာအားရမိသည်။

အမှန်အတိုင်းပြောရလျှင် ၂၀၂၀ ပြည့်နှစ်သည် ကျွန်မတို့ လူသားအားလုံးအတွက် ကံမကောင်း အကြောင်းမလှသည့်နှစ်ဟု ဆိုရမည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍစုံ ထိခိုက်ရသည်။ ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို ရင်ဆိုင်အန်တုရင်း အိမ်တွင်းအောင်းနေရသည့်အဖြစ်ကို ရောက်ခဲ့သည်။

တကယ့်တကယ်တော့ ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် အရေးပါသည့် နှစ်တစ်နှစ် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါရင်ဆိုင်ရင်း ၂၀၂၀ ရွေးကောက်ပွဲကို ဆင်နွှဲကြရမည်။ ရွေးကောက်ပွဲဟု အသံကြားသည်နှင့် နိုင်ငံရေးနယ်ပယ်တွင် လှုပ်လှုပ်ရွရွဖြစ်နေသည်ကိုလည်း တွေ့ရ၏။ နိုင်ငံရေးပါတီအသစ် ပလေယာအသစ်များဖြင့် စုံစုံညီညီဆင်နွှဲခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ကျွန်မတို့အတွက် ထူးခြားချက်ကတော့ သမီးလေး ၁၈ နှစ်ပြည့်လို့ မဲပေးခွင့်ရခြင်းပင် ဖြစ်သည်။

တစ်ခါမှ မဲမပေးဖူးသည့် သမီးလေးက နိုင်ငံရေးအကြောင်းတွေ စိတ်ဝင်စားလာသည်။ စပ်စုလာသည်။ ကျွန်မဖေဖေက နိုင်ငံရေးသဘောတရားတွေ၊ ဖြစ်စဉ်ဖြစ်ရပ်တွေကို နားရည်ဝအောင် ပြောခဲ့ပေမယ့် ကျွန်မကတော့သမီးလေးကို ပညာရေးကလွဲလို့ ဘာမှမပြောခဲ့ပေ။

လူငယ်တစ်ဦးဖြစ်သဖြင့် မိမိကိုယ်တိုင် လေ့လာသင်ယူလိမ့်မည်ဟု မျှော်လင့်ထားသည်။ ယနေ့အချိန်တွင် နည်းပညာတိုးတက်မှုကြောင့် လေ့လာရန်လွယ်ကူသည်။ မိမိစိတ်ဝင်စားရာ အကြောင်းအရာကို အင်တာနက်ရှိရုံဖြင့် လေ့လာဖတ်ရှုနိုင်သည်။ မှန်ကန်စွာ တွေးခေါ်မြော်မြင်မှုကတော့ မိမိ၏ ဆင်ခြင်တုံတရားနှင့်သာ ဆိုင်သည်။

၂၀၂၀ ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးကြသည်။ ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကဲ့သို့ လွတ်လပ်စွာ မဲဆွယ်ဟောပြောနိုင်ခြင်းမရှိသော်လည်း လူမှုမီဒီယာပေါ်တွင် စည်းရုံးဟောပြောနေကြသည်။

"မေမေ... သူတို့ပြောတာ တကယ်ပဲလား၊ ၈၈ တုန်းက စစ်တပ်က ဘာလို့ အာဏာသိမ်းခဲ့တာလဲ။ ဘာလို့ ဒီမိုကရေစီကို မပေးခဲ့တာလဲ"ဟု အွန်လိုင်းမှ မဲဆွယ်ဟောပြောမှုများ၊ အင်တာဗျူးများကို နားထောင်ရင်း သမီးလေးက ကျွန်မကို မေးခဲ့သည်။

ကျွန်မ မပြောချင်သည်များ ပြောရပေတော့သည်။ အွန်လိုင်းပေါ်တွင် နိုင်ငံရေးသမားအချို့က ၈၈ ခုနှစ် အရေးအခင်းကြီးကို လိုသလို ပုံဖျက်ပြောဆို၍ သူတို့ကိုယ်သူတို့ နိုင်ငံရေးသူရဲကောင်းများသဖွယ် အမွှမ်းတင်နေကြသည်ကို ကျွန်မ မမြင်ချင်၊ မကြားချင်ယောင်ဆောင်နေခဲ့သည်။ တပ်မတော်ကို အာဏာရှင်သဖွယ်စွပ်စွဲပြောဆို၍ သူတို့၏ နိုင်ငံရေးဥပဓိရုပ်ကို လှပအောင်ခြယ်သနေကြသည်။

သမီးက သိချင်မှတော့ ကျွန်မက ပြောရပေတော့သည်။ တကယ်တော့ ၈၈ အရေးအခင်းဆိုသည်မှာ ဒီမိုကရေစီတောင်းဆိုမှုက စတင်ခဲ့တာမဟုတ်ဘဲ လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားနှင့် အရပ်သား ကက်ဆက်ခွေဖွင့်ခိုင်းရာမှ စကားများရန်ဖြစ်ခြင်းက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပေါ် အထွေထွေမကျေနပ်ချက်များကို အသုံးချကာ နိုင်ငံရေးတောကြောင်များက ပွဲလန့်အောင်လုပ်ခဲ့မှုကြောင့် ထိန်းမနိုင်သိမ်းမရ အရေးအခင်းကြီးတစ်ခု ဖြစ်ခဲ့ရသည်။

**သမီးက သိချင်မှတော့ ကျွန်မက ပြောရပေတော့သည်။ တကယ်တော့ ၈၈ အရေးအခင်းဆိုသည်မှာ ဒီမိုကရေစီတောင်းဆိုမှုက စတင်ခဲ့တာမဟုတ်ဘဲ လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားနှင့် အရပ်သား ကက်ဆက်ခွေဖွင့်ခိုင်းရာမှ စကားများရန်ဖြစ်ခြင်းက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပေါ် အထွေထွေမကျေနပ်ချက်များကို အသုံးချကာ နိုင်ငံရေးတောကြောင်များက ပွဲလန့်အောင်လုပ်ခဲ့မှုကြောင့် ထိန်းမနိုင်သိမ်းမရ အရေးအခင်းကြီးတစ်ခု ဖြစ်ခဲ့ရသည်။**

လူအချင်းချင်း ခေါင်းဖြတ်လူသတ်မှု၊ ရဲစခန်းများ မီးရှို့ဖျက်ဆီးမှု၊ ဂိုဒေါင်များ၊ နိုင်ငံပိုင် အဆောက်အအုံများ ဝင်ရောက်ဖောက်ထွင်း ဖျက်ဆီးမှု၊ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ပျက်စီးကာ မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်နေမှု၊ ကမ္ဘာ့အလယ်တွင် ခေါင်းဖြတ်၊ လူသတ်ပြီး ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းပြီး နိုင်ငံနှင့်လူမျိုး အရှက်ရစေမှု၊ လက်ဝဲကွန်မြူနစ် အကြွင်းအကျန်များက မီးလောင်ရာလေပင့်ပြီး ကြိုးကိုင်ခြယ်လှယ်မှု၊ နောက်ဆုံး ကုန်သွယ်ရေးရုံးတွင် တာဝန်ကျနေသည့် တပ်မတော်သားများထံမှ လက်နက်များ သိမ်းယူသည်အထိ လက်ရဲဇက်ရဲ လုပ်ဆောင်မှုများကို သမီးလေးအား ဇာတ်လမ်းစုံ ခင်းပြရသည်။

တကယ်တော့ ယနေ့အသက် ၃၀ အရွယ် လူငယ်များသည် ၈၈ အရေးအခင်းကို ကောင်းစွာမသိဘဲ အချို့က ထင်ရာမြင်ရာ ပြောဆိုနေသည်များကိုသာ နားထောင်ပြီး အမှန်ဟု ထင်မှတ်နေကြသည်။ အချို့သောပုဂ္ဂိုလ်များက တောမီးလောင်အောင် မီးရှို့ပြီး လက်ခမောင်းခတ်နေကြသည်။ သူတို့ကိုယ်သူတို့ ဒီမိုကရေစီသူရဲကောင်းများ၊ စွန့်လွှတ်ပေးဆပ်သူများအဖြစ် ထိုးဇာတ်များ ဖန်တီးကာ ပြောဆိုထုတ်လွှင့်နေကြသည်ကိုလည်း တွေ့ရ၏။

၈၈ အရေးအခင်းနှင့်ပတ်သက်၍ သမ္မတကြီး ဒေါက်တာမောင်မောင်ရေးခဲ့သည့် "မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း" ပထမတွဲ၊ ဒုတိယတွဲ စာအုပ်များကို သမီးလေးအား ဖတ်ရှုစေခဲ့သည်။ ကျွန်မပြောတာ နားထောင်သည်ထက် သူကိုယ်တိုင် အစွဲကင်းကင်းဖြင့် လေ့လာဖတ်ရှုသည်က ပို၍ကောင်းသည်ဟု ထင်သည်။

"မေမေ... အဲဒီတုန်းက ဒီမိုကရေစီပြောင်းလဲဖို့အတွက် ပြည်သူ့ဆန္ဒခံယူပြီး ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ သမ္မတကြီး ဒေါက်တာမောင်မောင်က ပြောခဲ့တာကို ဘာလို့လက်မခံဘဲ ကြားဖြတ်အစိုးရဖွဲ့ပေးဖို့ ဇွတ်အတင်းတောင်းဆိုကြတာလဲဟင်"။

"အဲဒါပဲ သမီးရယ်... တည်ဆဲအခြေခံဥပဒေမှာ ကြားဖြတ်အစိုးရဖွဲ့စည်းဖို့ မပါဝင်တဲ့အတွက် ဖွဲ့ပေးလို့ မရတာကို အတင်းအဓမ္မတောင်းဆိုတယ်။ အခြေခံဥပဒေကို ချိုးဖောက်အောင် တွန်းအားပေးကြတယ်... သမိုင်းမှာ ကြားဖြတ်အစိုးရဖွဲ့ပေးလိုက်ပြီး အခြေခံဥပဒေကို ချိုးဖောက်တဲ့ လူကြီးတွေအဖြစ် နောက်လာနောင်သားတွေ ပြောစမှတ်တွင်အောင် လုပ်ကြတာလေ..."။

"နောက်ပြီး... သမီးဖတ်မိမယ်ထင်တယ်... ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ပြောကြားခဲ့တဲ့သမ္မတကြီး ဒေါက်တာမောင်မောင် မိန့်ခွန်းမှာ ၁၉၆၂ ခုနှစ်က ဖြိုခွင်းခံရတဲ့ ကျောင်းသားသမဂ္ဂအဆောက်အအုံကို အေးချမ်းတည်ငြိမ် စိုးရိမ်ဒေါသကင်းတဲ့ မကြာသော တစ်နေ့မှာ ကျွန်တော်တို့ ပျော်ပျော်ပါးပါး အုတ်မြစ်ချပွဲ ကျင်းပကြရအောင်လို့ပြောခဲ့တာကိုကြည့်ရင်အစိုးရအနေနဲ့ ဘယ်လောက်လိုက်လျောပေးခဲ့တယ်ဆိုတာ သမီးသိရောပေါ့။

"အဲဒါပဲ သမီး... ကမ္ဘာပေါ်မှာ ဒီမိုကရေစီကူးပြောင်းကြတဲ့ ပုံစံနှစ်မျိုး ရှိတယ်... တစ်မျိုးက တည်ဆဲအစိုးရနဲ့ ဒီမိုကရေစီအင်အားစုများအကြား ပဋိညာဉ်ပြုပြီး ပြောင်းလဲရတဲ့အပြောင်းအလဲ (Pacted Transition) ဖြစ်ပြီး နောက်တစ်မျိုးက ဦးဆောင်သူများက အခြေအနေတစ်ခုကို သတ်မှတ်ပြီး ပြောင်းလဲပေးရတဲ့ (Imposed Transition) ပုံစံပေါ့ "

"မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက အခြေခံဥပဒေနဲ့အညီ ပဋိညာဉ်ပြုပြီး ပြောင်းလဲဖို့ ကမ်းလှမ်းခဲ့တာကို လက်မခံဘဲဇွတ်အတင်း ကြားဖြတ်အစိုးရ တောင်းခဲ့ကြတယ်... တိုင်းပြည်အနှံ့ ဆန္ဒပြပွဲတွေ၊ သပိတ် စခန်းတွေဖွင့်ပြီး ထင်တိုင်းကြဲခဲ့ကြတယ်... အဲဒါကြောင့် ၁၉၇၄ အခြေခံဥပဒေလည်း ချုပ်ငြိမ်းပြီး... တပ်မတော်က တာဝန်ယူထိန်းသိမ်းခဲ့ရတာပေါ့ သမီးရယ်..."။

"ဒါဆို... တပ်မတော်က ဒီမိုကရေစီကူးပြောင်းရေးမှာ အဓိက ပလေယာပေါ့နော်..."

"ဟုတ်တယ် သမီး... နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီပြောင်းလဲဖို့ဆိုတာ ဈေးဆိုင်မှာ ဈေးဝယ်သလို ချက်ချင်းလက်ငင်း ဆောင်ရွက်လို့ရတာ မဟုတ်ဘူး... ဒီမိုကရေစီပြောင်းလဲဖို့အတွက် ရှေ့ပြေးအခြေအနေ(Precondition) (၃) ရပ်ရှိဖို့လိုတယ်... နံပါတ်(၁)က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နံပါတ်(၂)က တရားဥပဒေစိုးမိုးရေး(Rule of Law)၊ နံပါတ်(၃)ကတော့ ထိရောက်စွမ်းဆောင်နိုင်သည့် အုပ်ချုပ်ရေးစနစ်တို့ပေါ့ သမီးရယ်..."

ကျွန်မ စကားမဆုံးခင် သမီးကဖြတ်၍ မေးခွန်းတစ်ခုမေးလိုက်သည်။ "အဲဒီအချိန်က မေမေပြောတဲ့ အခြေအနေတွေ မရှိဘူးလား"

"ရှင်းရှင်းပြောရရင် အဲဒီ(၃)ချက်လုံး မရှိဘူးသမီး။" စီးပွားရေးအခြေအနေ ချွတ်ခြုံကျနေတယ်၊ တရားဥပဒေစိုးမိုးမှုမရှိဘူး၊ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ပျက်ပြားနေတယ်...ဒါတွေကို ပြန်လည်တည်ဆောက်ပေးဖို့ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရတာပဲ သမီး... "

သမီး စိတ်ဝင်စားနေတုန်း ကျွန်မစကားတွေ မနားတမ်းပြောလိုက်သည်။

"တပ်မတော်က ဦးဆောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးခဲ့တယ်... တပ်မတော်ကပဲ ဒီမိုကရေစီအခြေခံအုတ်မြစ်တွေချပေးခဲ့တယ်... တပ်မတော်ကပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို အာဏာလွှဲပြောင်းပေးခဲ့တယ်လေ"

"အဲဒီအကြောင်းတွေကို ဘာကြောင့် ထိမ်ချန်ပြီး တပ်မတော်ကို မမှန်မကန် စွပ်စွဲပုတ်ခတ် စော်ကားနေတာလဲ မေမေ..."

"သမီးရယ်... ဖဆပလဝန်ကြီးဟောင်း ဦးထွန်းဖေရေးတဲ့ အဘယ်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရတာလဲ စာအုပ်ကို ဖတ်ရင် ပိုပြီးရှင်းသွားလိမ့်မယ်... အဓိကကတော့ တပ်မတော်ကို အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကနေ ဖယ်ထုတ်ဖို့ ကြိုးစားကြတယ်... သမိုင်းအမှားတွေနဲ့ ပုံဖျက်ပြောဆိုနေကြတယ် "

သမီးကို စကားတွေ အရှည်ကြီး ပြောဖြစ်ခဲ့သည်။ သူတို့လို လူငယ်တွေက သမိုင်းအမှန်ကို မသိလို့မဖြစ်။ သူတို့၏ ဦးနှောက်ထဲတွင် အမှန်တရားများ ရှိနေရမည်။ တပ်မတော်ကို ပုတ်ခတ်စော်ကားပြောဆိုမှုများ ကြီးထွားလာပြီး လူငယ်ထုအတွင်း အာဃာတ ကြီးမားလာမည်ကို ကျွန်မ အလွန်စိုးရိမ်မိသည်။

ကျွန်မ စကားအဆုံးမှာ သမီးကလေးမျက်နှာတွင် ကျေနပ်နေသည့် အပြုံးရိပ်ကို တွေ့ရသည်။ သူ့ရင်ထဲတွင် အစိုင်အခဲတစ်ခုပမာ ဖြစ်နေသည့် တပ်မတော်အပေါ် အထင်လွဲမှားစိတ်ကို ကျွန်မ ဖြေဖျောက်ပေးနိုင်ခဲ့၏။ တကယ်တော့ ကျွန်မသမီးလေးသည် ကျွန်မဘဝ၏ လမင်းတစ်စင်းသာ ဖြစ်သည်။ လမင်းကြီးသာနေသည့် ညခင်းတစ်ခုတွင် တိမ်ညိုတိမ်မည်းတို့ ပိတ်ဖုံးကာဆီးနေပါက လမင်းကြီးအလှကို မမြင်ရ၊ မတွေ့ရသကဲ့သို့ လူတစ်ယောက်၏ စိတ်သန္တာန်တွင်လည်း အယူအဆအမှားများ၊ ယုံမှားသံသယစိတ်များ၊ ဒေါသ မောဟတရားများ လောင်မြိုက်ပိတ်ဖုံးနေပါက ပူလောင်နွမ်းလျနေမည်သာ ဖြစ်သည်။ လူသားအားလုံး ဒေါသ၊ မောဟကင်းကွာ၍ အမှန်တရားကို ရှုမြင်နိုင်ကြပါစေ။ ။

# ကျောက်ပန်းတောင်းမြို့နယ် ငါးရံ့တောင်တန်းပေါ်တွင် ဗုဒ္ဓဆင်းတုတော်ငါးထောင် တည်ထားကိုးကွယ်လျက်ရှိ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာ၊ ပြည့်ဝကျေးရွာ၊ စမ်းလှကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာအလယ်ရှိ မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းမကြီးမြောက်ဘက် အခြေ နှစ်ဖာလုံခန့်အကွာတွင် မတ်တစ်ထောင်တောင်တန်းခေါ် ငါးရံ့တောင်တန်းပတ်လည်တွင် မဟာဗောဓိငါးထောင်၊ မဟာဗုဒ္ဓဆင်းတုတော်ငါးထောင်တည်ထားကိုးကွယ်လျက်ရှိကြောင်း မဟာဗောဓိငါးထောင်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ပြောသည်။

အဆိုပါမဟာဗောဓိငါးထောင်ကို ကမ္ဘာ့သာသနာပြုတောင်ပုလုတိုက်ခွဲ၊ ချင်းတောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ(မတ်တစ်ထောင်ကပ်ရှောင်)တောင်တန်းကျောင်းတိုက်၊ ပြည့်ဝရှင်ကျောင်းတိုက်ဆရာတော်က ဦးဆောင်တော်မူကာ ၂၀၁၄–၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်လာခဲ့ရာ ယခုဆိုလျှင် ဘုရားဆင်းတုတော် ၅၇၀ တည်ထားနိုင်ပြီဖြစ်ကာ ဗောဓိညောင်ပင် ၃၀၀၀ ကျော် စိုက်ထားနိုင်ပြီဖြစ်ကြောင်း၊ တည်ထားကိုးကွယ်တော်မူမည့် ဆင်းတုတော်များ ကမ္ဘာတည်သရွေ့တည်ရှိစေရန် စကျင်ကျောက်ဆင်းတုတော်များသာ မှာယူကိုးကွယ်စေမည်ဖြစ်ကာ ဘုရားဆင်းတုတော် တစ်ဆူနှင့်တစ်ဆူကြား ၁၂ ပေခြားအလယ်တွင် ဗောဓိညောင်ပင်တစ်ပင်စီ စိုက်ပျိုးထားရှိကြောင်း၊ ညောင်ပင်ကြီးလာလျှင် ဘုရားဆင်းတုတော် ပလ္လင်တော်များ ညောင်မြစ်အန္တရာယ်မှ ကာကွယ်နိုင်ရန် ရေရှည်အတွက် စိုက်ပျိုးထားခြင်းဖြစ်ပြီး ပလ္လင်တော်အမြင့် နှစ်ပေခွဲနှင့် ဆင်းတုတော်၏ ဉာဏ်တော် လေးပေ၊ သုံးပေဆင်းတုတော်များ ကိုးကွယ်ထားပြီး ညောင်ပင် မကြီးသေးခင် လေဒဏ်မိုးဒဏ်ခံနိုင်ရန် ဘုရားဆင်းတုတော်များအား သံထီးတော်များမိုးပေးထားကြောင်း ဂေါပကဒုတိယဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ပြောသည်။



မတ်တစ်ထောင်ကပ်ရှောင်ခေါ် ငါးရံ့တောင်တန်းပတ်လည်တွင် မဟာဗောဓိဆင်းတုတော်များနှင့် ဗောဓိညောင်ပင်များအား မြန်မာပြည်အရပ်ရပ်မှ ကုသိုလ်ပြုလှူဒါန်းလိုသူများ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပြီး ဉာဏ်တော် လေးပေ စကျင်ကျောက်ဆင်းတုတော် တစ်ဆူလျှင် ငွေကျပ် ခုနစ်သိန်းဖြင့် လည်းကောင်း၊ ဉာဏ်တော်သုံးပေ စကျင်ကျောက် ဆင်းတုတော်တစ်ဆူလျှင် ငွေကျပ် ငါးသိန်းဖြင့်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြောင်း၊ ဘုရားဆင်းတုတော်၊ ပလ္လင်တော်၊ သံထီးတော်၊ ဗောဓိညောင်ပင်များအား ပြည့်ဝရှင်ကျောင်းတိုက် ဆရာတော်၊ သံဃာတော်များက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မဟာဗောဓိငါးထောင်တွင်တည်ထားမည့်စကျင်ကျောက်ဆင်းတုတော်များ လှူဒါန်းလိုပါက ဂေါပကဒုတိယဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖုန်း–၀၉–၇၉၆၆၅၇၈၀၅၊ ဂေါပက တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်နိုင် ဖုန်း–၀၉–၇၇၇၅၀၀၁၆၇ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုထိန်၊ KPD**

## ဗဟိုဘဏ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေး Website များ တိုက်ခိုက်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေး၏ သာမန်သတင်းထုတ်ပြန်ရေး Website များအား ယနေ့မွန်းလွဲပိုင်းတွင် အဖျက်အမှောင့်လုပ်ဆောင်လိုသည့် မသမာသူများက ခေတ္တရပ်တန့်သွားအောင် နှောင့်ယှက်ခဲ့ကြောင်း သိရသည်။

ယင်း Website များအနက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေး Website တို့အား တပ်မတော်မှ ကွန်ပျူတာပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် နာရီပိုင်းအတွင်း ပြန်လည်လုပ်ငန်းလည်ပတ်ခဲ့ပြီး ဗဟိုဘဏ် Website ကို မူလဆောင်ရွက်ပေးသည့် ကုမ္ပဏီအားခေါ်ယူ၍ လည်ပတ်စေရန် ဆောင်ရွက်လျက်ရှိကာ မူလအခြေအနေသို့ မကြာမီပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ Website များသည် သာမန်နေ့စဉ်သတင်းထုတ်ပြန်နေသော Website များဖြစ်ပြီး လုပ်ငန်းစနစ်များ ဆောင်ရွက်နေသော Website များ မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## သတင်းပေး တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံ့ဝန်ထမ်းများ ဆူပူဆန္ဒပြမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်သူများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေသတ်မှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ယန္တရားကို ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်လျက်ရှိရာ အနုပညာနယ်ပယ်မှ သရုပ်ဆောင် ပြေတီဦး၊ ဒါရိုက်တာကိုပေါက်၊ သရုပ်ဆောင်လူမင်း၊ ဒါရိုက်တာ ဝိုင်း၊ ဒါရိုက်တာ ဇာကြီးနှင့် အဆိုတော် အနဂ္ဂတို့သည် မိမိတို့၏ ထင်ပေါ်ကျော်ကြားမှုကို အသုံးပြု၍ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသည့် ဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်းများ ပြုလုပ်သဖြင့် ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ – က ဖြင့် အမှုဖွင့်ထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် နိုင်ငံတော်တည်ငြိမ်ရေးပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ယန္တရားများလည်ပတ်ခြင်းကို ထိခိုက်စေရန် လှုံ့ဆော်လျက်ရှိသော ပြေတီဦး၊ ကိုပေါက်၊ လူမင်း၊ ဝိုင်း၊ ဇာကြီးနှင့် အနဂ္ဂတို့အား ဖမ်းဆီးရမိရေးအတွက် အနီးဆုံးရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တိုင်ကြားနိုင်ရန် ထုတ်ပြန်ထားသည့် တယ်လီဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် ၎င်းတို့အား လက်ခံထားပါက လက်ခံထားသူများကိုပါ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## မယ်စဲ့ဒေသတွင် စိုက်ပျိုးသည့် ဆောင်းသီးနှံကြက်သွန်ဖြူများ ဈေးကောင်းရရန်မျှော်လင့်

**မယ်စဲ့ ဖေဖော်ဝါရီ ၁၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ဒေသတွင်းစိုက်ပျိုးသည့် ဆောင်းသီးနှံကြက်သွန်ဖြူများ ယခုနှစ်တွင် ဈေးကောင်းရရန် မျှော်လင့်ကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

"မနှစ်က ကြက်သွန်ဖြူနုတ်သိမ်းချိန်မှာ တစ်ကီလိုကို ကျပ် ၅၀၀ သာ ဈေးရတယ်။ ဒီဒေသကထွက်တဲ့ ကြက်သွန်ဖြူကို ထိုင်းနိုင်ငံကို အဓိကထား တင်ပို့ရောင်းချရတယ်။ ကိုဗစ်–၁၉ ရောဂါဖြစ်တော့ နယ်စပ်ဂိတ်တွေ ပိတ်ထားတဲ့အပြင် နှစ်နိုင်ငံကုန်သွယ်မှုတွေ ရပ်ဆိုင်းထားတဲ့အတွက် ဒေသတွင်းကုန်သည်တွေက ကျိုင်းတုံမြို့ကို တင်ပို့ရောင်းချရတယ်။ တောင်သူတွေအနေနဲ့လည်း ရသလောက်ဈေးနဲ့ ရောင်းရပြီး ကုန်သည်တွေကလည်း သယ်ယူစရိတ်များပြားတာကြောင့် တောင်သူနဲ့ကုန်သည် နှစ်ဖက်စလုံး တွက်ခြေမကိုက်ဘူး။ ဒါကြောင့် ဒီနှစ်မှာ ကြက်သွန်ဖြူကို လျှော့စိုက်ပြီး ဝယ်လိုအားများပြားတဲ့ တခြားသီးနှံပဲပုပ်ကို ပိုစိုက်ဖြစ်တယ်။ ရာသီချိန် ဈေးကောင်းရရင်တော့ တောင်သူတွေ အဆင်ပြေတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။



မယ်စဲ့မြို့နယ်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် ဒေသမျိုး ရှမ်းကြက်သွန်ဖြူကို စိုက်ပျိုးကြသည်။ စပါးရိတ်သိမ်းပြီး ကောက်ရိုးငုတ်များ ဖြတ်ကာရေသွင်းထားရသည်။ ထို့နောက် ကြက်သွန်ဖြူအမြွှာလိုက် တစ်ပင်နှင့် တစ်ပင်အကြား ၄ လက်မခန့် အကွာအဝေးဖြင့် မြေကြီးထဲသို့ တစ်ဝက်ခန့် မြှုပ်စိုက်ပြီး အပေါ်မှ ကောက်ရိုးများကို ဖုံးအုပ်ထားရသည်။ အပင်ဖြစ်ထွန်းစေရန်အတွက် တစ်လသားအရွယ်တွင် ပေါင်းလိုက်ခြင်း၊ သဘာဝမြေဩဇာများ ပက်ကြဲခြင်း၊ မြေအစိုဓာတ်ပေါ်မူတည်၍ တစ်ပတ်တွင် တစ်ခါ ရေသွင်းခြင်းနှင့် ပိုးမွှားရောဂါ ကျရောက်မှသာ ပိုးသတ်ဆေးဖျန်းပေးခြင်းတို့ကို ပြုလုပ်ရသည်။ ဒေသထွက် ကြက်သွန်ဖြူသည် ပိုးသတ်ဆေးသုံးစွဲမှုနည်းပါးပြီး အခွံပါးကာ အနံ့အရသာ မွှေးကြိုင်သဖြင့် စားသုံးသူများ ကြိုက်နှစ်သက်သည့်အပြင် ထိုင်းနိုင်ငံမှ မျိုးအနေဖြင့် ဝယ်ယူကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၉,၄၀၅) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၉၀) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၉၄၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၃၈၂၁၇၇ | ၁၈၄၈၁၃၄၁ | ၅၀၀၀၀၀ |
| ၂။ | အိန္ဒိယ | ၁၀၉၃၇၃၂၀ | ၁၀၆၄၄၈၅၈ | ၁၅၅၉၄၉ |
| ၃။ | ဘရာဇီး | ၉၉၂၁၉၈၁ | ၈၈၈၃၁၉၁ | ၂၄၀၉၈၃ |
| ၄။ | ရုရှား | ၄၁၁၂၁၅၁ | ၃၆၄၂၅၈၂ | ၈၁၄၄၆ |
| ၅။ | ဗြိတိန် | ၄၀၅၈၄၆၈ | ၂၂၃၁၁၉၉ | ၁၁၈၁၉၅ |
| ၆။ | ပြင်သစ် | ၃၄၈၉၁၂၉ | ၂၄၄၂၃၈ | ၈၂၈၁၂ |
| ၇။ | စပိန် | ၃၀၉၆၃၄၃ | ၂၃၈၀၉၉၈ | ၆၅၉၇၉ |
| ၈။ | အီတလီ | ၂၇၃၉၅၉၁ | ၂၂၅၁၇၃၄ | ၉၄၁၇၁ |
| ၉။ | တူရကီ | ၂၆၀၂၀၃၄ | ၂၄၈၉၆၂၄ | ၂၇၆၅၂ |
| ၁၀။ | ဂျာမနီ | ၂၃၅၅၄၁၆ | ၂၁၅၄၆၀၀ | ၆၆၇၀၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၄၃၆၄၆ | ၁၀၄၇၆၇၆ | ၃၃၇၈၈ |
| ၂။ | ဖိလစ်ပိုင် | ၅၅၃၄၂၄ | ၅၁၂၀၃၃ | ၁၁၅၇၇ |
| ၃။ | မလေးရှား | ၂၇၂၁၆၃ | ၂၂၉၇၆၂ | ၁၀၀၅ |
| ၄။ | မြန်မာ | ၁၄၁၆၉၀ | ၁၃၀၉၄၄ | ၃၁၉၂ |
| ၅။ | စင်ကာပူ | ၅၉၈၂၁ | ၅၉၆၆၁ | ၂၉ |
| ၆။ | ထိုင်း | ၂၄၉၆၁ | ၂၃၆၉၇ | ၈၂ |
| ၇။ | ဗီယက်နမ် | ၂၃၂၉ | ၁၅၇၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၉ | ၄၇၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |




## ဟုမ္မလင်းမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှု ဆောင်ရွက်

**ဟုမ္မလင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ယမန်နေ့နံနက် ၈ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းထွန်း၏ လမ်းညွှန်မှုအရ ဟုမ္မလင်းမြို့နယ် မီးသတ်စခန်း၌ တပ်ဖွဲ့ဝင်များက မီးဘေးနှင့် သဘာဝဘေး အန္တရာယ်ပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ကူညီနိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)




## လာလှူသူမရှိသည့်အတွက် ဖိုဝင်းတောင်မျောက်များ အစာခက်ခဲနေ

**ယင်းမာပင် ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဖိုဝင်းတောင်နယ်မြေရှိ မျောက်များအတွက် မျောက်စာလာလှူသူမရှိသည့်အတွက် မျောက်စာအခက်အခဲရှိနေကြောင်း သိရသည်။

"ဖိုဝင်းတောင်ကို ဖေဖော်ဝါရီ ၁၀ ရက်က ပြန်ဖွင့်ထားပါတယ်။ အခြေအနေအရမျောက်စာလာကျွေး၊ လာလှူတာတွေမရှိကြဘူး။ တစ်ယောက်မှမလာကြပါဘူး။ မျောက်စာကို ဂေါပကက စီစဉ်ကျွေးနေရတာပါ။ မျောက်စာကလိုနေတယ်။ ဖိုဝင်းတောင်မျောက်အားလုံးအတွက် တစ်ရက်ကို သုံးသောင်းဖိုးလောက်ကျွေးရတယ်။ မြေပဲနဲ့ ကုလားပဲ တစ်တင်းခွဲလောက် ကျွေးရတယ်။ ဘုရားဖူးသိပ်မလာကြဘူး။ မလာလို့မျောက်စာအခက်အခဲဖြစ်တာပါ။ ဖိုဝင်းတောင်ဖွင့်လို့ ဈေးသည်တွေစဖွင့်နေပေမယ့် မရောင်းရပါဘူး"ဟု ဖိုဝင်းတောင်ဂေါပကဥက္ကဋ္ဌ ဦးချိုဦးက ပြောသည်။

ဖိုဝင်းတောင်တွင် သုံးနေရာခွဲပြီး မျောက်ငါးအုပ်ကို နေ့စဉ်မျောက်စာကျွေးနေရာ ဖန်ခါးတောင်၊ မန်ကျည်းပင်အုတ်ပလ္လင်(ဖိုဝင်းတောင်ကားကွင်း)နှင့် ဂေါပကအိမ်ရှေ့တို့တွင် မျောက်စာကျွေးကြခြင်းဖြစ်သည်။ လက်ရှိဖိုဝင်းတောင်နယ်မြေတွင် ခန့်မှန်းမျောက်ကောင်ရေ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

"မျောက်စာလိုနေတယ်။ တစ်ရက်ကိုဇီးသီးတစ်တင်းခွဲနှစ်တင်းကျွေးရတယ်။ မျောက်စာလာလှူတာအခုချိန်မှာ လုံးဝမရှိပါဘူး။ အခါတိုင်းမျောက်စာလှူသူတွေပေါ်တယ်။ အခုကလုံးဝကိုမရှိတာပါ။ မျောက်စာကတကယ်လိုနေတာပါ။ ဘုရားဖူးရင်းကိုယ်တိုင်လာလှူလို့ရနေပါပြီ"ဟု နေ့စဉ်မျောက်စာကျွေးနေသူ ဖန်ခါးတောင်မှ အရှင်ဝါယမက မိန့်သည်။

မျိုးဝင်းထွန်း(မုံရွာ)



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့ နိုင်ငံ့ဝန်ထမ်းတို့၏ စွမ်းပကားဖြင့် ပူးပေါင်းပါဝင်

နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ခန့်အပ်ခြင်းခံရသည့် ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ကြားခံဆက်သွယ်ပေးရမည့်သူများဖြစ်သည်။ အစိုးရ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ သစ္စာရှိရှိ တာဝန်သိသိဖြင့် လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဟုဆိုလျှင် ရိုးဖြောင့်သူ၊ ဂုဏ်သိက္ခာရှိသူအဖြစ် အများ၏လေးစားမှုကို ရရှိခဲ့ကြသလို နိုင်ငံ့ဝန်ထမ်းများ၏ သဘောထား၊ ခံယူချက်တို့သည် မှန်ကန်ဖြောင့်မတ်နေရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိရာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ရန်မှာ ရတောင့်ရခဲသော အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။



လက်ရှိအချိန်တွင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်ကို မဝင်ရဲအောင်၊ အလုပ်များမဖွင့်နိုင်အောင် ဝန်ထမ်းဟုတ်သူများရော၊ မဟုတ်သူများကပါ ဝိုင်းဝန်းဆန္ဒပြခြင်း၊ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းများကို နေ့စဉ်နှင့် အမျှ ပြုလုပ်လာကြသည်ကို တွေ့မြင်နေရသည်။ ယင်းသည် ဝန်ထမ်း၏ စိတ်ဆန္ဒဆိုသည်ထက် ဝန်ထမ်းမဟုတ်သည့် နိုင်ငံရေးအားပယောဂများကြောင့် ဖြစ်လာသည်ဟု ပြောရမည်ဖြစ်သည်။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေအရရော ရာဇဝတ်ဥပဒေအရပါ ဖောက်ဖျက်ကျူးလွန်သည့် လုပ်ရပ်များ အထိဖြစ်လာကြသည်ကို တွေ့ရပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ လှုံ့ဆော်သည့်အတိုင်း၊ ကြံစည်သည့်အတိုင်း ထမြောက်အောင်မြင်မှုမရှိရအောင် ထက်သန်ရဲရင့်သော ဘယ်သူဖျက်ဖျက်မပျက်သော ယုံကြည်ချက်တို့ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းသည် တစ်သားတည်း ခွဲခြားမရနိုင်သလို နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးမှာလည်း နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်လိုက်နာရေး၊ စွမ်းဆောင်ရည် မြင့်မားတိုးတက်ရေးတို့နှင့် တိုက်ရိုက်အချိုးကျလျက်ရှိရာ မိမိတို့မိသားစု၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့လုပ်ငန်းခွင် ထိုမှတစ်ဆင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် မြော်တွေးကာ တော်တည့်မှန်ကန်သည့် စိတ်ဓာတ်အင်အားများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့ နိုင်ငံ့ဝန်ထမ်းတို့၏ စွမ်းပကားဖြင့် ပူးပေါင်းပါဝင်ကြရပေမည်။











ဖေဖော်ဝါရီ ၁၇ ရက်က နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးသို့ ရုံးတက်ရန်လာသည့် ဝန်ထမ်းများ တင်ဆောင်လာသော ကြို/ပို့ယာဉ်များကို တွေ့ရစဉ်။

# ပြန်လာခဲ့ပါ လုပ်ငန်းခွင်ဆီ...

ကနောင်

မီးဖွားရမယ့်အချိန် နီးကပ်နေပြီး ပုဂ္ဂလိက သားဖွားဆေးရုံတွေမှာ ငွေကုန်ကြေးကျခံ မမွေးနိုင်တဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းအချို့ မိမိတို့မြို့နယ်က ဆေးရုံတွေ Civil Disobedience Movement (CDM) လှုပ်ရှားမှုလုပ်နေတာကြောင့် တပ်မတော်ဆေးရုံတွေဆီကို သွားကြရတဲ့အကြောင်း သိရပါတယ်။ ဝန်ထမ်းတွေအတွက် ဘဏ်ကနေ လစာထုတ်ယူဖို့လည်း အခက်အခဲတွေ ဖြစ်နေကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားပြီး အရောင်းအဝယ်တွေ ရပ်ဆိုင်းကုန်တာကြောင့် စိုက်ပျိုးရေးတောင်သူတွေ စိုးရိမ်ပူပန်မှု ဖြစ်နေကြပါတယ်။ CDM ရက်ရှည်ကြာလာတာနဲ့အမျှ ဝန်ထမ်းမိသားစုတွေနဲ့ မိဘတွေက စိုးရိမ်ပူပန်မှုတွေနဲ့အတူ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ဖို့ တိုက်တွန်းနေတာတွေ၊ ဝန်ထမ်းတွေကိုယ်တိုင်လည်း မိမိရဲ့ လုပ်ငန်းခွင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေကို သတိရလွမ်းဆွတ်ကြတာတွေ ဖြစ်လာနေတာကိုလည်း တွေ့မြင်ကြားသိနေရပါတယ်။

အဖြစ်မှန်၊ သတင်းမှန်တွေနဲ့အတူ ရည်ရွယ်ချက်ရှိရှိ၊ ရောနှောထုတ်လွှင့်လိုက်တဲ့ သတင်းတု၊ သတင်းအမှားတွေ၊ ကောလာဟလတွေကြောင့် ပြည်သူတွေမှာလည်း အထိတ်တလန့် ဖြစ်ကြရသလို စိတ်မချမ်းမြေ့စရာလည်း ဖြစ်ကြရပါတယ်။ CDM လုပ်ကြတာဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်မှုယန္တရားကို ရပ်တန့်စေဖို့ ရည်ရွယ်ကြတာဖြစ်ပေမယ့် တကယ်တမ်းမှာ CDM ရဲ့ အကျိုးဆက်ကို အဓိကခံစားနေကြရတာကတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။

**သွေးဆောင်ဖြားယောင်း**

ဒီကနေ့ အချိန်အခါဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ အချိန်အခါ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်ကြောင့် အရေးပေါ် အချိန်ကာလအဖြစ် သတ်မှတ်ထားရချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မဆင်းအောင်၊ နိုင်ငံရဲ့ စီမံခန့်ခွဲမှုယန္တရား လည်ပတ်လို့မရအောင် လုပ်ဆောင်ပေးဖို့ သွေးဆောင်ဖြားယောင်းတာဟာ နယ်ချဲ့လက်သစ်နိုင်ငံတွေက သူတို့အလိုကျ မဟုတ်တဲ့ နိုင်ငံတွေမှာ သွေးထိုးလှုံ့ဆော်တဲ့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အလုံးစုံအောင်မြင်မှုရတဲ့ နည်းလမ်းမဟုတ်ပါဘူး။ ပြည်သူတွေရဲ့ စိတ်ပူပန်သောကတွေအပေါ် အခွင့်ကောင်းယူပြီး ပြည်တွင်းက အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ပူးပေါင်းကာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် သွေးထိုးဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ငြင်းဆန်ပျက်ကွက်ပြီး လမ်းပေါ်ထွက် ဆူပူလှုပ်ရှားဖို့ လှုံ့ဆော်ပေးတဲ့ သတင်းအချက်အလက်အမှားတွေ၊ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်နေတာတွေ၊ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်တားဆီးနေတာတွေ၊ လူထုရဲ့ စိုးရိမ်ပူပန်မှုတွေကို မြင့်သထက် မြင့်တက်လာအောင် ထုတ်လွှင့်နေတဲ့ ကောလာဟလတွေနဲ့ အခြေအမြစ်မရှိ၊ မဟုတ်မမှန်တဲ့ အကြောင်းအရာတွေက အတော်ကို များပြားလျက်ရှိပါတယ်။

**အားရနေလောက်ပါရဲ့**

**မိမိတို့ ထမ်းဆောင်ရမယ့် တာဝန်တွေကို ငြင်းဆန်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ လုပ်ငန်းနယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ လမ်းမများပေါ်မှာ ဆန္ဒပြနေကြသူတွေကို ကြည့်ရင်း မြန်မာပြည်သူတွေ သူတို့ဆင်ထားတဲ့ လှည့်ကွက်ထဲကို အလွယ်တကူ သွေးဆူဆူနဲ့ရောက်နေကြတာကို မြင်ရတော့ နောက်ကွယ်ကနေ နိုင်ငံရဲ့ ပျက်စီးရာပျက်စီးကြောင်း ကြိုးစားကြံစည်နေကြသူတွေ အားရနေလောက်ပါရဲ့။**

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေဖို့ ရည်ရွယ်လှုံ့ဆော်သူတွေဟာ လက်ရှိနိုင်ငံနဲ့ ပြည်သူအတွက် တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို အလုပ်မထွက် ရုံးမတက်ဘဲ CDM မှာ အင်တိုက်အားတိုက် ပါဝင်ကြဖို့ တိုက်တွန်းနေကြတာအပြင် CDM ပါဝင်တာကြောင့် ဝန်ထမ်းတွေ စားဝတ်နေရေး အခက်အခဲကြုံလာတဲ့အခါ ကူညီဖြေရှင်းပေးဖို့ အဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက်ကူညီဖြေရှင်းမယ်ဆိုပြီး ပြောဆိုသံတွေကိုလည်း ကြားနေရပါတယ်။

ဒါတင်မကသေးပါဘူး။ နိုင်ငံ့ဝန်ထမ်းတွေကိုရော၊ ပုဂ္ဂလိကဝန်ထမ်းတွေကို အတင်းအကျပ် ရုံးမတက်ခိုင်းတာမျိုး၊ အလုပ်ထွက်ခိုင်းတာမျိုး လုပ်ဆောင်နေတာတွေကို လူမှုကွန်ရက်တွေမှာ နေ့စဉ်တွေ့ရှိနေရပါတယ်။ အချို့အလုပ်ဌာနတွေဆိုရင် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို ငဲ့ညှာပြီး စဉ်းစားပေးနေကြရပါတယ်။ သူတို့ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးအတွက် လစာခံစားခွင့် အပြည့်နဲ့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးလိုက်ရတာကို မြင်တွေ့နေရပါတယ်။

**ထောင်ချောက်အတွင်း သက်ဆင်း**

လှုံ့ဆော်နေမှုတွေကို ကြည့်ခြင်းအားဖြင့် ပြည်ပအဖွဲ့အစည်းတွေရဲ့ ကြိုးကိုင်ခြယ်လှယ်မှုတွေ၊ ပြည်တွင်း တရားမဝင် အဖွဲ့အစည်းတွေရဲ့ ချိတ်ဆက်ပေးမှုတွေကနေ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေရတယ်လို့ သုံးသပ်မိပါတယ်။ ရိုးသားတဲ့ ပြည်သူတွေ၊ အနာဂတ်တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ လူငယ်တို့အဖို့ သူတို့ရဲ့ ထောင်ချောက်အတွင်း သက်ဆင်းမိပြီး မှားယွင်းတဲ့ လမ်းကြောင်းတွေဆီကို ရောက်မှန်းမသိ ဦးတည်နေကြတာပဲ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော်ပျက်စီးပြိုကွဲဖို့၊ အလုံးစုံ ပျက်သုဉ်းဖို့နဲ့ ဥပဒေမှန်သမျှ ချိုးဖောက်ကြ၊ အမိန့်မှန်သမျှ ဖီဆန်ကြဆိုတဲ့ပုံစံ၊ တိုင်းပြည်ပျက်စီးရေး လမ်းကြောင်းကို ဖော်ဆောင်နေခြင်းဖြစ်တယ်ဆိုတာကို ညီငယ်၊ ညီမငယ်တို့ သိစေလိုပါတယ်။

ညီငယ်၊ ညီမငယ်တို့ကို လေးလေးနက်နက် တိုက်တွန်းလိုတာက နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရသလို ခံစားချက်ကို ရှေ့တန်းတင်လို့ မရပါဘူး။ ပကတိအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်ပြီးမှ အနာဂတ်ကို အမှန်တရား၊ အရှိတရားနဲ့အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းမြော်မြင်ကြည့်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံရဲ့အရေးကို မိမိပြည်သူတွေကလွဲလို့ အခြားပြင်ပ ဘယ်သူကမှ ပိုပြီးမသိနိုင်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်၊ အရှိတရားတွေအပေါ်မှာ မူတည်ပြီး ပြည်သူတွေ ထိခိုက်မှုအနည်းဆုံးနဲ့ တည်ငြိမ်မှုအရှိဆုံး၊ နိုင်ငံရေးယဉ်ကျေးမှု အမြင့်မားဆုံး အရွေ့တစ်ခုဖြစ်စေဖို့ အားလုံးဝိုင်းဝန်းပေးကြစေလိုပါတယ်။

**မြန်မာနိုင်ငံဟာ လက်ရှိမှာ Least Development Countries (LDC) အဆင့်နိုင်ငံတွေထဲမှာ ပါဝင်နေတာကြောင့် အခြေအနေဆိုးတွေက လွန်မြောက်အောင် အားလုံးက ကြိုးပမ်းကြရမယ့်အစား ပိုပြီးဆိုးရွားတဲ့ Failed State (ပြိုကွဲသောနိုင်ငံ) အဆင့်အထိဖြစ်အောင် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ ကောင်းကျိုးကို မလိုလားသူတွေက ရည်ရွယ်ချက်ရှိရှိ၊ အကွက်ကျကျ တွန်းပို့နေခြင်းဖြစ်တယ်လို့ ခံစားရပါတယ်။**

အနာဂတ် မြန်မာနိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြရမယ့်သူတွေဟာ လက်ရှိ လူငယ်မျိုးဆက်သစ်တွေပဲ ဖြစ်ပါတယ်။ လူငယ်တွေရဲ့အားမာန်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုတို့ဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် "အား" ပဲ ဖြစ်စေလိုပြီး ကိုယ့်ခန္ဓာ၊ အသွေးအသားကို အနာတရဖြစ်အောင်ထိုးမယ့် အဖျက်အမှောင့် "ဓား" တွေတော့ မဖြစ်စေလိုပါဘူး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ဖို့အတွက် နှိုးဆော်ပေးလျက်ရှိနေတာကို မြင်တွေ့ရပါတယ်။ နှိုးဆော်နေတဲ့ ကာလအတွင်းမှာပဲ မိသားစုတွေရဲ့ စိတ်ပူပန်မှုတွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စိုးရိမ်မှုတွေကို ငဲ့ညှာ၊ ပြည်သူတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်တွေကို စာနာမှုအပြည့်နဲ့ နားလည်လက်ခံပြီး နိုင်ငံတော် အကျိုးပျက်စီးစေမယ့် အခြေအနေတွေကို ရှောင်ရှားကြဖို့၊ အချိန်မနှောင်းခင် အမြန်ဆုံး လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့အတွက် နိုင်ငံနဲ့ပြည်သူ့အတွက် အမြဲရပ်တည်ပေးနေခဲ့ကြသူတွေဖြစ်တဲ့ ညီငယ်၊ ညီမငယ် ပြည်ထောင်စုဖွားမောင်နှမ အားလုံးကို ဖိတ်ခေါ်လိုက်ပါတယ်။ ။

> **"ညီငယ်၊ ညီမငယ်တို့ကို လေးလေးနက်နက် တိုက်တွန်းလိုတာက နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရသလို ခံစားချက်ကို ရှေ့တန်းတင်လို့ မရပါဘူး။ ပကတိအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်ပြီးမှ အနာဂတ်ကို အမှန်တရား၊ အရှိတရားနဲ့ အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းမြော်မြင်ကြည့်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံရဲ့အရေးကို မိမိပြည်သူတွေကလွဲလို့ အခြားပြင်ပ ဘယ်သူကမှ ပိုပြီးမသိနိုင်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်၊ အရှိတရားတွေအပေါ်မှာ မူတည်ပြီး ပြည်သူတွေ ထိခိုက်မှုအနည်းဆုံးနဲ့ တည်ငြိမ်မှုအရှိဆုံး၊ နိုင်ငံရေးယဉ်ကျေးမှု အမြင့်မားဆုံး အရွေ့တစ်ခုဖြစ်စေဖို့ အားလုံးဝိုင်းဝန်းပေးကြစေလို"**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရန်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရန်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ဝန်ဆောင်မှုများပေး၍ ဆောင်ရွက်နေရသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ လူမှုရေးနယ်ပယ်သည်လည်း ကျယ်ဝန်းပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် ၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံတော်အဆင့် ကျင်းပခဲ့ခြင်းသည် ကောင်းမွန်သည့်အစဉ်အလာ ဖြစ်ပါကြောင်း၊ အမျိုးသမီးများအင်အားသည် တိုင်းပြည်အင်အားဖြစ်ပါကြောင်း၊ ယခင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို နှစ်စဉ် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ကိုဗစ်-၁၉ အခြေအနေနှင့် ဆီလျော်သည့်ပုံစံဖြင့် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း ဆွေးနွေးအဖြေရှာကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းရန်အတွက် အဆိုပြုဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်အကြံပြုပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥရောပသမဂ္ဂအဖွဲ့၏ ကုန်သွယ်မှုအများဆုံး မိတ်ဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံဖြစ်လာ



**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၇**
၂၀၂၀ ပြည့်နှစ် ကုန်သွယ်ရေးဆိုင်ရာ စစ်တမ်းတစ်ရပ်အရ တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့၏ အကြီးမားဆုံးသော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသော်လည်း တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပို့ကုန်နှင့် သွင်းကုန်ဖလှယ်မှုပမာဏသည် ၂၀၂၀ ပြည့်နှစ်တွင် ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရသည်။

ဥရောပသမဂ္ဂအဖွဲ့၏ ယခင်ကုန်သွယ်မှုအများဆုံး မိတ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံထက်ပင် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ပိုမိုများပြားလာခဲ့ကြောင်း ဥရောပသမဂ္ဂ၏ စာရင်းအင်းဆိုင်ရာစစ်တမ်းတစ်ရပ်အရ သိရသည်။

**တိုးမြင့်လာ**

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၀ ပြည့်နှစ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၅ ထရီလီယံ) တိုးမြင့်လာကြောင်းနှင့် အဆိုပါအရေအတွက်သည် ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုပျမ်းမျှတိုးတက်မှုနှုန်း၏ နှစ်ဆပိုမိုများပြားသည်ကို တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်ပမာဏမှာ ၅ ဒသမ ၆ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄၆၅ ဘီလီယံ) မြင့်တက်လာခဲ့ပြီး သွင်းကုန်ပမာဏမှာ ၂ ဒသမ ၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၂၄၃ ဘီလီယံကျော်) ရှိကြောင်း တွေ့ရှိရသည်။

ဥရောပနိုင်ငံများမှ မော်တော်ယာဉ်များနှင့် ဇိမ်ခံပစ္စည်းများမှာ တရုတ်နိုင်ငံအတွင်း ဝယ်လိုအား မြင့်တက်ခဲ့သည်။ အလားတူ တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကိုလည်း ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ရသည်။

ဥရောပသမဂ္ဂအဖွဲ့၏ ယခင်ကုန်သွယ်မှုအများဆုံး မိတ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၀ ပြည့်နှစ်အတွင်း သိသိသာသာ ကျဆင်းသွားကြောင်း တွေ့ရသည်။


အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၄၆ ဘီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၇၁ ဘီလီယံသာ ရှိခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ရာ ကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၈၀၀ ဘီလီယံကျော်အထိ မြင့်တက်လာခဲ့သည်။ အဆိုပါအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအတွင်း ဥရောပသမဂ္ဂအဖွဲ့၏ ပထမဆုံးအကြိမ် ကုန်သွယ်မှုပမာဏ တိုးတက်လာခြင်း ဖြစ်သည်။

တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်မှုပမာဏ တိုးတက်လာလျက်ရှိသော်လည်း ဥရောပကုမ္ပဏီများ တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုများရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘီဘီစီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂရိနိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်း မြို့တော်အေသင်၌ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ရွှေ့ဆိုင်း



**အေသင် ဖေဖော်ဝါရီ ၁၇**
ဂရိနိုင်ငံတစ်ဝန်း၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက မကြုံစဖူး ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းတွင် ဆိုးရွားသည့် အခြေအနေများဖြစ်ပေါ်ခဲ့ပြီးနောက် အာဏာပိုင်များက ဒေသခံပြည်သူများအား မိမိတို့နေအိမ်များအတွင်း၌ နေထိုင်ကြရန် သတိပေးမှုများ ပြုလုပ်ခဲ့ရသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဂရိနိုင်ငံတစ်ဝန်း ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် နိုင်ငံတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုပြုလုပ်မည့် အစီအစဉ်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက မြို့တော်အေသင်နှင့် အာတီကာဒေသများ၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြုလုပ်သည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဂရိနိုင်ငံမြောက်ပိုင်းဒေသတစ်ဝန်း၌ အပူချိန်သည် သုည ဒီဂရီအောက်သို့ ကျဆင်းခဲ့ပြီး မြို့တော်အေသင်၏ မြောက်ဘက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က ဆီးနှင်းများ ထူထပ်စွာ ကျဆင်းဖုံးလွှမ်းမှုကြောင့် ယင်းဒေသများရှိ မော်တော်ယာဉ်များ လမ်းများပေါ်၌ နာရီအတန်ကြာ ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

ဘေးအန္တရာယ်ရှိသော ရာသီဥတုအခြေအနေမှာ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ဂရိမြို့ပြ ကာကွယ်ရေးဌာနက ထုတ်ပြန်ခဲ့ပြီး ပင်လယ်ကမ်းခြေဒေသတွင် အင်အားပြင်းထန်သည့် လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် မြို့တော်အေသင်နှင့် အေဂျီယန်ပင်လယ်အတွင်းရှိ ကျွန်းများအကြား ခုတ်မောင်းသည့် ကူးတို့ရေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းထားရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၁၇**
တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၁ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၉၄၆ ဦးရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းနေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်မှာ ၆၀၀ ကျော်လာခဲ့သည်။ ယခုကဲ့သို့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်များပြားလာခြင်းမှာ နှစ်သစ်ကူးအားလပ်ရက်များအတွင်း မိသားစု တွေ့ဆုံပွဲများပြုလုပ်ပြီးနောက် ဖြစ်လာခြင်း ဖြစ်သည်။

ယခုအချိန်တွင် ကျန်းမာရေးတာဝန်ရှိသူများက မိသားစုတွေ့ဆုံပွဲများကို ခေတ္တဆိုင်းငံ့ထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် နိုင်ငံသားများအား ညွှန်ကြားခဲ့သည်။

ဆိုးလ်နှင့် ဂွန်ဂီပြည်နယ်တို့တွင် လူအစုလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ တွေ့ရှိခဲ့သည်။ ၎င်းတို့အနက် ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၇ ဦးရှိပြီး ဂွန်ဂီပြည်နယ်တွင် ၁၄၇ ဦး ရှိကြောင်းနှင့် နိုင်ငံရပ်ခြားမှ ကူးစက်လာသူ ၃၁ ဦးတို့ကို တွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၃၈ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၇၅၃၆၀ ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူသူ လေးသန်းကျော်ရှိလာဟု ဝန်ကြီးချုပ်ပြောကြား



**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၇**
အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ချိန်မှစ၍ လက်ရှိအချိန်အထိ ပြည်သူလေးသန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကျန်းမာရေးဝန်ကြီး ယူလီအယ်ဒဲလ်စတင်းတို့က ကြေညာသည်။

သို့သော် အစ္စရေးနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှု မခံယူသေးသည့် အသက် ၅၀ နှင့်အထက်ရှိ လူဦးရေ ၅၇၀၀၀၀ ခန့်ကျန်ရှိသေးပြီး ဝန်ကြီးချုပ် နေတန်ယာဟုက ၎င်းတို့အားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ပြည်သူအများအပြားအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ကြိုးပမ်းသည့်အနေဖြင့် ကာကွယ်ဆေးထိုးနှံမှု ဆွဲဆောင်နိုင်ရန် အစိမ်းရောင် နိုင်ငံကူးလက်မှတ် စီမံကိန်းတစ်ရပ်ကို ပြဋ္ဌာန်းရန် ရည်ရွယ်လျက် ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခဲ့ပြီးသူဟူသမျှသည် ပြဇာတ်ရုံများ၊ ရုပ်ရှင်ရုံများနှင့် အားကစားရုံများသို့ သွားရောက်ကြည့်ရှုနိုင်မည် ဖြစ်သလို လေယာဉ်များဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်ခွင့်နှင့် စားသောက်ဆိုင်များတွင် ဝင်ရောက် စားသောက်ခွင့်ရှိမည် ဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

အစ္စရေးအစိုးရသည် အမေရိကန်ဆေးဝါးကုမ္ပဏီထုတ် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အသုံးပြုခြင်းဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယမန်နှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်အထိ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၃၄၀၀၃ ဦးရှိပြီး၎င်းတို့အနက် ၅၄၃၅ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် အစ္စရေးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၇၃၅၂၁ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အီရန်နိုင်ငံအတွင်း နျူကလီးယားအရေး စုံစမ်းစစ်ဆေးမှုများအား အီရန်အစိုးရ တားမြစ်ပိတ်ပင်



**တီဟီရန် ဖေဖော်ဝါရီ ၁၇**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ တာဝန်ရှိသူများက အီရန်နိုင်ငံအတွင်း၌ နျူကလီးယားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှုများကို အီရန်အစိုးရက ပိတ်ပင်တားမြစ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီက ယနေ့ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်အရ အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများ၌ နျူကလီးယားဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စုံစမ်းစစ်ဆေးရန် သဘောတူထားသော်လည်း အဆိုပါစုံစမ်းစစ်ဆေးမှုများကို လက်ခံခွင့်ပြုသွားမည်မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသို့ အီရန်အစိုးရက ယမန်နေ့တွင် အစီရင်ခံစာတင်သွင်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရိုစီက အီရန်နိုင်ငံ၏ နျူကလီးယားအရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးခြင်းမရှိပါက အီရန်နိုင်ငံတွင်း၌ နျူကလီးယားဖွံ့ဖြိုးမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း အီရန်အစိုးရက ဆိုသည်။

နျူကလီးယားဖွံ့ဖြိုးမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ခွင့်ပြုခြင်းမရှိပါက အီရန်နိုင်ငံ၏ နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ကိုင်တွယ်ရန် ပိုမိုခက်ခဲလာမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် အီရန်နိုင်ငံအပေါ် ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် ဖြေလျှော့ပေးရန် အီရန်အစိုးရက တောင်းဆိုလျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စောစီးစွာထိုးနှံမှုခံယူသည့် နိုင်ငံရေးသမားများနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူ ၅၀၀ နီးပါးဝေဖန်ခံနေရ

**လီမာ ဖေဖော်ဝါရီ ၁၇**

ပီရူးနိုင်ငံရှိ နိုင်ငံရေးသမားများအပါအဝင် အစိုးရအဖွဲ့တာဝန်ရှိသူ ၅၀၀ နီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သတ်မှတ်ထားသည့်အချိန်ထက် စောစီးစွာ ထိုးနှံမှုခံယူထားခြင်းကြောင့် ပြည်သူများ၏ ဝေဖန်ရှုတ်ချမှုများနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ခဲ့သော်လည်း ၎င်းတို့သည် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် မစတင်မီကတည်းက တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကြိုတင်ထိုးနှံထားပြီးဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း အစိုးရအဖွဲ့၏ စုံစမ်းစစ်ဆေးမှုတစ်ရပ်အရ သိရသည်။

ပီရူးသမ္မတဟောင်း မာတင်ဗစ်ကာရာနှင့် ၎င်း၏ မိသားစုဝင်များသည် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေး စမ်းသပ်ထိုးနှံပေးသည့်အချိန်ဖြစ်သည့် အောက်တိုဘာလကတည်းက ကာကွယ်ဆေးထိုးနှံမှု ခံယူထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါကာလတွင် သမ္မတဟောင်း မာတင်ဗစ်ကာရာသည် သမ္မတရာထူးတာဝန်များ ထမ်းဆောင်လျက်ရှိသည့်အချိန်ဖြစ်သည်။

၎င်းတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်တွေ့စမ်းသပ်မှုပြုရာတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်ဟု သမ္မတဟောင်း မာတင်ဗစ်ကာရာက ၎င်းအား ဝေဖန်ရှုတ်ချမှုကို ပြန်လည်ချေပပြောကြားခဲ့သည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီး ဂူစတာဗိုဗီဇာ-ကူရာဒရာသည် လွန်ခဲ့သောလအတွင်းက ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ကာကွယ်ဆေးကြိုတင်ထိုးနှံမှုခံယူခဲ့ခြင်းကြောင့် ပြည်သူများက ဝေဖန်ရှုတ်ချသည့်အတွက် နိုင်ငံခြားရေးဝန်ကြီး ဂူစတာဗိုဗီဇာ-ကူရာဒရာသည် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်မတိုင်မီ ကာကွယ်ဆေးများကြိုတင်ထိုးနှံခဲ့သည့် နိုင်ငံရေးသမားများနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများအား လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၂ သန်းကျော်ရှိပြီး ၄၃၀၀၀ သေဆုံးခဲ့သည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူ အရေအတွက် မြင့်တက်လျက်ရှိစဉ် ကာကွယ်ဆေးအလုံးရေ ပမာဏသည်လည်း လုံလောက်စွာမရရှိသေးသည့်အတွက် ကာကွယ်ဆေးကြိုတင်ထိုးနှံခဲ့သူများအား ပြည်သူများက ဝေဖန်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိ

**ဘူဒါပက်စ် ဖေဖော်ဝါရီ ၁၇**

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အထောက်အပံ့များ ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ဟန်ဂေရီနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးမည့် ဥရောပသမဂ္ဂ၏ ပထမဆုံးသောနိုင်ငံဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၅၀၀၀၀ ကို သယ်ဆောင်လာသည့် လေယာဉ်တစ်စင်းသည် ဟန်ဂေရီနိုင်ငံ၏ မြို့တော် ဘူဒါပက်စ်သို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံ အစိုးရသည် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ငါးသန်းအထိ ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဥရောပသမဂ္ဂတွင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဥရောပသမဂ္ဂ၌ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖြန့်ဖြူးမှုအစီအစဉ်များ နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ဥရောပသမဂ္ဂက အသုံးပြုရန် အတည်ပြုထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပေါ် မှီခိုခြင်းပြုမည့်အစား တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဝယ်ယူရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်ကလည်း ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသနိုင်ငံ ၁၇ နိုင်ငံမှ ခေါင်းဆောင်များနှင့်အတူ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် အဆိုပါနိုင်ငံများသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးရန် ဆန္ဒရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# ကနေဒါ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်



**အော့တဝါ ဖေဖော်ဝါရီ ၁၇**

ကနေဒါနိုင်ငံတွင် လွန်ခဲ့သောနှစ်လခန့်မှစတင်ပြီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် များပြားလာပြီး ယခုအချိန်တွင် နိုင်ငံ၏ ပြည်နယ် ၁၀ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးအရာရှိချုပ် ထရီဆာတန်က ယမန်နေ့အတွင်း ပြောကြားသည်။

ယမန်နေ့အထိ နိုင်ငံအတွင်း၌ ဗြိတိန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၄၀၊ တောင်အာဖရိကဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၃ ဦးနှင့် ဘရာဇီး ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးတို့ကို တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ဆောင်ရွက်နေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများရှိနေသော်လည်း ယခုကဲ့သို့ ဗီဇပြောင်းဗိုင်းရပ်စ်များ အလျင်အမြန်ပြန့်ပွားနေခြင်းကို အချိန်မီ ထိရောက်စွာမဟန့်တားနိုင်မည်ကို ဆေးဘက်ဆိုင်ရာ ပညာရှင်များက စိုးရိမ်နေကြသည်။ ကာကွယ်ဆေးထိုးချင်သော နိုင်ငံသားများသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမတိုင်မီ ကာကွယ်ဆေးထိုးပြီးဖြစ်စေရမည်ဟု ဝန်ကြီးချုပ် ဂျက်စတင်းထရူဒေါက ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့သော သီတင်းပတ်များအတွင်းက ခရီးသွားလာရာမှတစ်ဆင့် ကူးစက်သော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိခဲ့ရပြီး ယခုအချိန်တွင် နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများမြင့်တက်လာကြောင်း ထရီဆာတန်က ပြောကြားသည်။

နိုင်ငံအတွင်းရှိပြည်နယ်လေးခုတွင် လူအစုလိုက် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများကို တွေ့ရှိခဲ့ရကြောင်း၊ ယခင်အချိန်က ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ခဲ့သော နယူးဖောင်လန်နှင့် လာဘရာဒေါဒေသတို့တွင် ယခုအခါ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုင်းနိုင်ငံသို့ လာမည့်သီတင်းပတ်တွင် စတင်ရောက်ရှိမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၇**

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုင်းနိုင်ငံသို့ လာမည့်သီတင်းပတ်တွင် စတင်ရောက်ရှိမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူလ်က ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်သည် ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ဒုတိယအသုတ်သည် မတ်လတွင်လည်းကောင်း၊ တတိယအသုတ်သည် ဧပြီလတွင် လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူလ်က ထိုင်းပါလီမန် အစည်းအဝေး ဒုတိယနေ့တွင် ဥပဒေပြုအမတ်များအား ပြောကြားခဲ့သည်။

ထို့ပြင် Siam Bioscience Co., က ထိုင်းနိုင်ငံ၌ အများအပြား ထုတ်လုပ်လျက်ရှိသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မေလနောက်ပိုင်းနှင့် ဇွန်လအစောပိုင်းတို့တွင် ထိုင်းနိုင်ငံအတွင်း အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်က အတည်ပြုပြောကြားခဲ့သည်။

Siam Bioscience Co., က အများအပြားထုတ်လုပ်လျက်ရှိသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အခြားသောနိုင်ငံများသို့လည်း ဖြန့်ဖြူးပေးသွားရန် စီစဉ်လျက်ရှိကြောင်းနှင့် အထူးသဖြင့် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူလ်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်



**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် ယနေ့စတင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ ခန့်အား ကာကွယ်ဆေးဦးစားပေးထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်တားဆီးရာတွင် အဓိကကျပြီး ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ကြောင်းနှင့် ပြည်သူများသည်လည်း ကာကွယ်ဆေးထိုးနှံမှု၏ ကောင်းကျိုးများကို သိရှိနားလည်ပြီး ကာကွယ်ဆေးထိုးနှံမှုကို လာရောက်ခံယူရန် မျှော်လင့်ပါကြောင်း ဂျပန်ဆေးဘက်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုက ပြောကြားခဲ့သည်။

ကနဦးအစီအစဉ်ပြီးနောက် ကျန်းမာရေးဝန်ထမ်း ၃ ဒသမ ၇ သန်းကျော်ကို ကာကွယ်ဆေးများထပ်မံထိုးနှံပေးမည်ဖြစ်သည်။

ဂျပန်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဒေသန္တရအစိုးရများထံသို့ လာမည့်ရက်အနည်းငယ်အတွင်း ဖြန့်ချိပေးမည်ဖြစ်သည်။

ထို့ပြင် အသက် ၆၅ နှစ်နှင့်အထက်ပြည်သူ ၃၆ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန်အတွက် တိကျခိုင်မာသော အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဒေသန္တရအစိုးရများအား တိုက်တွန်းခဲ့သည်။ အဆိုပါ သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးမှုကို ဧပြီလတွင် စတင်မည်ဖြစ်ပြီး သုံးလအတွင်း အပြီးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့နောက် နာတာရှည်ရောဂါသည် ၈ ဒသမ ၂ သန်းနှင့် သက်ကြီးစောင့်ရှောက်ရေးစင်တာများ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်း နှစ်သန်းအား ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ် အထမြောက်အောင်မြင်စေရေးအတွက် ဥရောပသမဂ္ဂအနေဖြင့် ကာကွယ်ဆေးများကို မြန်ဆန်တိကျစွာ ပေးပို့ပေးရန် လိုအပ်ကြောင်း ဂျပန်ဆေးဘက်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုက ပြောကြားခဲ့သည်။

ကာကွယ်ဆေးကနဦးထိုးနှံပြီးနောက် ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုနှင့် ဘေးထွက်ဆိုးကျိုးများအပေါ် အသေးစိတ်အစီရင်ခံစာများတင်သွင်းရန် လိုအပ်ကြောင်း ဝန်ကြီး ကိုနိုတာရိုက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်အာဖရိကနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုစတင်



**ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၇**

တောင်အာဖရိကနိုင်ငံသည် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ကိတ်တောင်းမြို့ရှိ ခေယီလစ်ရှားဆေးရုံတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသည် Johnson & Johnson ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါကာကွယ်ဆေးများသည် အိုအာတမ်ဘိုလေဆိပ်သို့ ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Johnson & Johnson ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် တောင်အာဖရိက၏ ပြည်နယ်အများစု၌ တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင်လည်း ထိရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဇန်နဝါရီလအတွင်းက ရောက်ရှိလာခဲ့သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တောင်အာဖရိက၌ တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အား တိုက်ဖျက်ရာတွင် ထိရောက်မှုနည်းနေခြင်းကြောင့် အသုံးပြုခွင့်ရရှိရေး အာဖရိကသမဂ္ဂသို့ တင်ပြသွားမည်ဖြစ်ကြောင်း တောင်အာဖရိကကျန်းမာရေးဝန်ကြီး အမ်ခီဇီက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရောက်ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၀၀၀၀ အပါအဝင် Johnson & Johnson ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ကိုးသန်း လက်ခံရရှိမည်ဖြစ်ကြောင်းနှင့် လာမည့်မတ်လအတွင်း အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း တောင်အာဖရိက ကျန်းမာရေးဝန်ကြီး အမ်ခီဇီက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၁၀၁၂၀၁၃၀ ဦး

သေဆုံးသူ
၂၄၃၁၆၈၂ ဦး

ပြန်လည်ကျန်းမာလာသူ
၈၄၉၄၄၃၄၆ ဦး

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုစတင်လျက်ရှိသည့် နိုင်ငံနှင့်ဒေသပေါင်း ၇၀ ကျော်ရှိလာ

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသပေါင်း ၇၀ ကျော်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံသည့် အစီအစဉ်များ စတင်လျက်ရှိကြောင်း အောက်စ်ဖို့ဒ်တက္ကသိုလ် သုတေသီများ၏ ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ခုနစ်မျိုးကို အသုံးပြုလျက်ရှိပြီး ယနေ့အထိ ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၁၇၈ သန်းခန့် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးသူများအနက် ပြည်သူ ၉၁ ဒသမ ၅၇ သန်းသည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးသူများဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များ စတင်လျက်ရှိသည့် နိုင်ငံများအနက် အမေရိကန်နိုင်ငံတွင် ပြည်သူ ၅၂ ဒသမ ၈၈ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပြီး ကာကွယ်ဆေးထိုးနှံပေးမှုပမာဏအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့နောက် တရုတ်နိုင်ငံတွင် ပြည်သူ ၄၀ ဒသမ ၅၂ သန်း၊ ဗြိတိန်နိုင်ငံတွင် ၁၅ ဒသမ ၈၄ သန်း၊ အိန္ဒိယနိုင်ငံတွင် ၈ ဒသမ ၇၂ သန်းနှင့် အစ္စရေးနိုင်ငံတွင် ၆ ဒသမ ၆ သန်းဖြင့် ကာကွယ်ဆေး အသီးသီးထိုးနှံပေးပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

အစ္စရေးနိုင်ငံသည် နိုင်ငံလူဦးရေ ၄၆ ဒသမ ၁ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် အမြင့်ဆုံးအဆင့်တွင် ရပ်တည်လျက်ရှိသည်။ ဗြိတိန်နိုင်ငံသည် ၂၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမေရိကန်သည် ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။ လက်ရှိအချိန်အထိ ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်အရ သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# မောင်တောမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မောင်တောမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အင်ူမော်ဘက်မှ ကြိမ်ချောင်းဘက်သို့ ခိုင်ဇော်(ခ)အေးကျော်သန်း မောင်းနှင်လာသည့် ယာဉ်ကိုရှာဖွေရာ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၈၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရန်ကုန်မှ မောင်တောမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ခိုင်ဇော်(ခ)အေးကျော်သန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၂ စီး၊ သွင်းကုန် ၁၇၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၅၀ သန်းတန်ဖိုးရှိ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ခွင့်ပြုချက်မရှိသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အေးခဲအသားတုမျိုးစုံ 5000 Kgs၊ 79 Pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ဘားအံ၊ ဟုမ္မလင်း၊ တာချီလိတ်နှင့် ဟိုပုံးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဘားအံမြို့နယ် ဘားအံ-အိန္ဒုသွားကားလမ်း ကော့ခမိတ်တောင်ကြားတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် စောဖဝေါ် မောင်းနှင်ပြီး မနော်နီဖော်(ခ)မရွှေ လိုက်ပါလာသည့် ယာဉ်အားရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၈၅ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီတွင် ဟုမ္မလင်းမြို့နယ် ပေကုန်းကျေးရွာအနီးတွင် အေးလွင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၅၅ ကီလိုကိုလည်းကောင်း၊ အလားတူ ထိုနေ့ ညနေ ၃ နာရီခွဲခန့်တွင် တာချီလိတ်မြို့နယ် ပန်စလိကျေးရွာနေ လော်ဘ (ခ)ပြောင်ကြီး၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ နှင့် ဘိန်းဖြူ သုညဒသမ ၀၀၈ ကီလိုတို့ကိုလည်းကောင်း။



မနော်နီဖော်(ခ)မရွှေ၊ စောဖဝေါ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့နောက် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့ အနောက်ရပ်ကွက်တွင် အောင်သိုက် မောင်းနှင်ပြီး အုံးဖေ (ခ) ဘာဘူ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကလောမြို့၌ လူနေအိမ်တစ်လုံး မီးလောင်၊ လူသုံးဦးဒဏ်ရာရရှိ

ကလော ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁၀)ရပ်ကွက် ချယ်ရီလမ်းတွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီး လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးညွန့်ရွှေ၏ ဇနီးဖြစ်သူ ဒေါ်ရီရီတင့်သည် နေအိမ်၌ ဖယောင်းတိုင်အား အောက်ခံခွက်မပါဘဲ ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်အပေါ်ထပ်တစ်ခုလုံး မီးလောင်ပျက်စီးခဲ့သည်။

### မီးလောင်ပျက်စီး

မီးလောင်မှုကြောင့် ဦးညွန့်ရွှေ၊ ကိုမျိုးမင်းဦးနှင့် ရှိန်းဝေယံထွန်းတို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ်တစ်ခုလုံး မီးလောင်ပျက်စီးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးလွင်၊ ရဲအုပ်ဆန်းလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော် ဦးစီးတပ်ဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီး၊ အထောက်အကူပြု ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၈ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။



ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေါ်ရီရီတင့်အား ကလောမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျန်းမာရေးသူရဲကောင်းကြီးများထံသို့ အိတ်ဖွင့်ပေးစာ

**သူရိန်သော်**

ပြည်သူတွေရဲ့အသက်ကို ကယ်တင်ပေးကြသူတွေဖြစ်တဲ့ ဆရာဝန်တွေနဲ့ သူနာပြု အပါအဝင် ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ကုန်ကြပြီတဲ့။ ဝမ်းနည်းလိုက်တာဖြစ်ခြင်း။ အိမ်မှာရှိနေတဲ့ သက်ကြီးရွယ်အိုနဲ့ လူမမည်တွေပါဝင်တဲ့ မိသားစုအတွက်လည်း စိတ်ပူမိသလို လက်ရှိမှာ အမြစ်မပြတ်နိုင်သေးတဲ့ ကိုဗစ်-၁၉ ရောဂါအတွက်လည်း ကျန်းမာရေးဝန်ထမ်းတွေကိုပဲ အဓိကအားကိုးနေရတဲ့ ပြည်သူတစ်ဦးအနေနဲ့ အပူလုံးကြွမိတာပါ။ မိမိတို့လိုပဲ အခြားသောပြည်သူအားလုံးကလည်း ပြသခွင့်မရတော့တဲ့ ဆေးရုံတွေ၊ ဆရာဝန်မရှိတော့တဲ့ တိုက်နယ်ဆေးရုံလေးတွေ၊ ပိတ်လိုက်ရတဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာတွေကို ကြည့်ရင်း ဝမ်းနည်းမဆုံးဖြစ်နေကြမယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့တဲ့တစ်နှစ်တာကာလပတ်လုံး ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ထိတွေ့မှုများခဲ့ရတယ်။ သံသယလူနာတွေအဖြစ်၊ ကိုဗစ်-၁၉ ပိုးတွေ့လူနာတွေအဖြစ်၊ လူနာမိသားစုဝင်တွေအဖြစ်၊ ဆေးရုံတွေမှာ အလှူရှင်တွေအဖြစ် ယုတ်စွအဆုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာနဲ့သံသယလူနာစာရင်းတွေကို လေ့လာဖတ်ရှုခဲ့ကြရင်း တစ်နည်းမဟုတ်တစ်နည်းနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ထိတွေ့ဆက်ဆံခဲ့ရတယ်။ သူတို့ရဲ့ နူးညံ့ကြင်နာတဲ့ အပြုံးလေးတစ်ချက်၊ ဖုန်းခေါ်သံလေးတစ်ခုဟာ လူနာနဲ့ ထိတွေ့သူအပေါင်းတို့အတွက် အားဆေးတွေ ဖြစ်ခဲ့ရပါတယ်။

**ပြန်လည်မြင်တွေ့လိုတဲ့ဆန္ဒ**

**အခုတော့ မိမိတို့ ကျန်းမာရေးကိစ္စအတွက် ရတက်မအေးကြရတော့ဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်ကြလို့ သူတို့မရှိတဲ့ ဆေးရုံတွေဟာ ပင်လယ်ထဲမှာ ဒီလှိုင်းနဲ့အတူ မျောနေတတ်တဲ့ ပိုင်ရှင်ကင်းမဲ့သွားတဲ့ သင်္ဘောကြီးတွေလို ကမ်းသောင်ပြင်ကို မျှော်နေကြမယ်လို့ တွေးမိပါတယ်။ ပြည်သူနဲ့ အမြဲထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးနေကျ ဆရာဝန်ကြီးတွေကို ဆေးရုံတွေမှာ ပြန်လည်မြင်တွေ့လိုတဲ့ဆန္ဒ ပြည်သူတွေရင်ထဲမှာ အပြည့်ရှိနေကြမှာပါ။**

"အာရောဂျံပရမံလာဘံ"တဲ့။ ကျန်းမာခြင်းသည် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ပါးလည်း ဖြစ်ပါတယ်။ လူတစ်ဦးဟာ ဘယ်လောက်အသိပညာတွေမြင့်မားပါစေ၊ သုံးမကုန်တဲ့ စည်းစိမ်ဥစ္စာတွေ ကြွယ်ဝပါစေ၊ ကျန်းမာမှုမရှိရင် သူ့အသိဉာဏ်တွေကို ဘယ်လိုမျှဝေနိုင်ပါ့မလဲ၊ သူ့ရဲ့ စည်းစိမ်တွေကိုရော သူဘယ်လိုအသုံးချရပါတော့မလဲ။ ကျန်းမာခြင်းအတွက် ပြည်သူအားလုံးဟာ ဆရာဝန်တွေ၊ သူနာပြုတွေကို အားကိုးကြရတယ်။ နာမကျန်းဖြစ်တဲ့အခါ အပြေးအလွှားသွားခဲ့ကြရတဲ့ နေရာကတော့ ကျန်းမာရေးဌာနတွေဖြစ်ပါတယ်။

**ကျန်းမာရေးသူရဲကောင်းတွေဖြစ်တဲ့ ဆရာဝန်တွေဟာ ကိုဗစ်-၁၉ ပထမလှိုင်းကာလ၊ ဒုတိယလှိုင်းကာလ တစ်လျှောက် လပေါင်းများစွာ မိသားစုတွေ၊ သူတို့အိုးအိမ်တွေကိုပစ်ပြီး ဆေးရုံတွေမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြရတယ်ဆိုတာ ပြည်သူတွေအားလုံး သိပြီးသားပါ။ ပူအိုက်လှတဲ့ ရာသီဥတုမှာ ပြည်သူတွေအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးဝတ်စုံတွေကို မချွတ်တမ်းဝတ်ဆင်ခဲ့ကြရတယ်။ အိမ်ကိုလွမ်းပေမယ့် လူနာတွေအတွက်ခွဲခွာနေပေးကြတဲ့ အိမ်ထောင်သည်ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာတွေအတွက် ရောဂါကူးစက်ခြင်းခံရတဲ့ ဆရာဝန်တွေ၊ သူနာပြုဝန်ထမ်းတွေအားလုံးဟာပြည်သူတွေအတွက်တော့ တကယ့်သူရဲကောင်းတွေဖြစ်ပါတယ်။**

ဆရာဝန်တွေဟာ ပြည်သူတွေအတွက် မြင့်မြတ်တဲ့ သမားဂုဏ်ကို ဖော်ဆောင်ပြီး တိုင်းပြည်ရဲ့ ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးကို ဦးဆောင်နေကြသူတွေဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်တုန်း မှတ်သားဖူးတဲ့ ဆေးပညာလောကရဲ့ဖခင်ကြီးအကြောင်းကိုလည်း တင်ပြလိုပါတယ်။

**အခုတော့ မိမိတို့ကျန်းမာရေးကိစ္စအတွက် ရတက်မအေးကြရတော့ဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်ကြလို့ သူတို့မရှိတဲ့ဆေးရုံတွေဟာ ပင်လယ်ထဲမှာ ဒီလှိုင်းနဲ့အတူ မျောနေတတ်တဲ့ ပိုင်ရှင်ကင်းမဲ့သွားတဲ့သင်္ဘောကြီးတွေလို ကမ်းသောင်ပြင်ကို မျှော်နေကြမယ်လို့ တွေးမိပါတယ်။ ပြည်သူနဲ့ အမြဲထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးနေကျ ဆရာဝန်ကြီးတွေကို ဆေးရုံတွေမှာ ပြန်လည်မြင်တွေ့လိုတဲ့ဆန္ဒ ပြည်သူတွေရင်ထဲမှာ အပြည့်ရှိနေကြမှာပါ။**

**ဆရာဝန်တွေအားလုံးဟာ ဟစ်ပိုကရေးတီးစ် ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါ့မယ်လို့ ကတိသစ္စာပြုလေ့ရှိပါတယ်။ အဲဒါကိုတော့ ဟစ်ပိုကရေးတစ် ကတိသစ္စာဆိုပြီး ပြောလေ့ရှိပါတယ်။ ကမ္ဘာတစ်လွှားကျော်ကြားထင်ရှားတဲ့ သမားဟူရားတွေကို သက်သေထားပြီး ဆရာဝန်တွေဟာ ရွတ်ဆိုအဓိဋ္ဌာန်ပြုလေ့ရှိတယ်လို့ မှတ်သားရပါတယ်။ ဟစ်ပိုကရေးတစ်ကတိသစ္စာရဲ့ ပထမဆုံးအချက်ကတော့ "ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ ချမ်းသာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါအံ့" လို့ ပါဝင်။**

**ဟစ်ပိုကရေးတစ် ကတိသစ္စာ**

ရှေးရှေးတုန်းက လူတွေဟာ ရောဂါကုသဖို့အတွက် မှော်ဆရာတွေ၊ နတ်ဆရာတွေကို အားထားခဲ့ရတာပါ။ ဒါပေမယ့် ဘီစီ ၅ ရာစုနဲ့ ၄ ရာစုကြားမှာတော့ ဂရိနိုင်ငံမှာ မှော်ဆရာ၊ နတ်ဆရာတွေမပါတဲ့ သမားတော်အဖွဲ့တစ်ဖွဲ့ ရှိခဲ့ဖူးတယ်။ သူတို့က သိပ္ပံနည်းကျဆေးပညာကိုလေ့လာကြပါတယ်။ သူတို့အဖွဲ့ထဲမှာ အကျော်ကြားဆုံးသမားတော်ကြီးကတော့ ဟစ်ပိုကရေးတီးစ်ပဲဖြစ်ပါတယ်။ သူ့ကို ဆေးပညာလောကရဲ့ ဖခင်ကြီးအဖြစ် သတ်မှတ်ထားကြပါတယ်။

ဆေးပညာကို စနစ်တကျလေ့လာပြီး ယနေ့ခေတ်အထိ ဆေးပညာတစ်ခေတ်ဆန်းလာအောင် ဟစ်ပိုကရေးတီးစ်က အများကြီးစွမ်းဆောင်ခဲ့တာမို့ လူသားအားလုံးရဲ့ ကျေးဇူးရှင်ကြီးတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့နာမည်ကျော် အဆိုအမိန့်တစ်ခုလည်းဖြစ်၊ ဆေးပညာဆိုင်ရာ ကျင့်ဝတ်လည်းဖြစ်တဲ့ စကားတစ်ခွန်း ရှိပါတယ်။ "Physician ! first, do no harm" ဖြစ်ပါတယ်။ ကိုယ့်ကြောင့် လူနာတွေ လုံးဝဘေးမဖြစ်ပါစေနဲ့လို့ ဆရာဝန်တွေကို ညွှန်းပြခဲ့တာပါ။

**ဆရာဝန်တွေအားလုံးဟာ ဟစ်ပိုကရေးတီးစ် ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါ့မယ်လို့ ကတိသစ္စာပြုလေ့ရှိပါတယ်။ အဲဒါကိုတော့ ဟစ်ပိုကရေးတစ် ကတိသစ္စာဆိုပြီး ပြောလေ့ရှိပါတယ်။ ကမ္ဘာတစ်လွှား ကျော်ကြားထင်ရှားတဲ့ သမားဟူရားတွေကို သက်သေထားပြီး ဆရာဝန်တွေဟာ ရွတ်ဆိုအဓိဋ္ဌာန်ပြုလေ့ရှိတယ်လို့ မှတ်သားရပါတယ်။ ဟစ်ပိုကရေးတစ်ကတိသစ္စာရဲ့ ပထမဆုံးအချက်ကတော့ "ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးကို ကျွန်ုပ်၏ အရေးကဲ့သို့ ယူဆပါအံ့" လို့ ပါဝင်ပါတယ်။**

မည်သူ့ကိုမဆို အရေးပေါ်ကျန်းမာရေး လိုအပ်ချက်ရှိလာမယ်ဆိုရင် အကောင်းဆုံးအကူအညီပေးပါ့မယ်၊ လူနာတွေရဲ့အခွင့်အရေးကို လေးစားပါ့မယ်၊ ပညာပိုင်းဆိုင်ရာ အသုံးချမှုနဲ့ ဆုံးဖြတ်ခြင်းတွေကို နိုင်ငံရေး၊ လူမှုရေးတို့ရဲ့ သက်ရောက်မှုတွေကနေ ကင်းဝေးပြီး အတတ်နိုင်ဆုံး သမားဂုဏ်နဲ့အညီလုပ်ဆောင်ပါ့မယ်၊ လူနာရဲ့အခွင့်အရေးကို လေးစားပေးမယ်ဆိုတာတွေ ပါဝင်တာကိုတွေ့ရပါတယ်။

**ဆရာဝန်တွေသာမကပါဘူး။ သူနာပြုတိုင်းဟာလည်း သူနာပြုသစ္စာဓိဋ္ဌာန်တွေကို အလေးထားစောင့်ထိန်းကြရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ သူနာပြုသားဖွားဆိုင်ရာကျင့်ဝတ်တွေအရ လိုက်နာပြီး ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ကြရသူတွေဖြစ်ပါတယ်။ ကျန်းမာရေးမူဝါဒတွေ ရေးဆွဲချမှတ်တဲ့အခါ ဒါမှမဟုတ် ပြည်သူလူထုရဲ့ ကျန်းမာရေးလိုအပ်ချက်တွေရှိတဲ့အခါ ပြည့်မီစေဖို့ကြိုးပမ်းဆောင်ရွက်ကြရသူတွေဖြစ်တယ်လို့ ယုံကြည်ပါတယ်။**

**အမြန်ဆုံးပြန်လာခဲ့ပါ**

လက်ရှိနိုင်ငံရဲ့အခြေအနေဟာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရတဲ့ လူမှုဘဝတွေကို ပြန်လည်ကုစားပေးရင်း တစ်ဖက်မှာလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းတွေကို စတင်ရမယ့်အချိန်ဖြစ်ပါတယ်။ အခုဆိုရင် အသက် ၆၅ နှစ်အထက်တွေကို ကာကွယ်ဆေးထိုးလုပ်ငန်းတွေ စတင်နေပါပြီ။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဒီအချက်လေးကို လျစ်လျူမရှုပစ်ဘူးရယ်လို့ မျှော်လင့်မိပါတယ်။ ပြည်သူအများစုဟာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူတဲ့အခါ ပြည်သူ့ဆေးရုံ၊ ဆေးခန်းတွေမှာပဲ ကုသလိုကြတာပါ။ ပြင်ပဆေးရုံ၊ ဆေးခန်းတွေမှာ ငွေကြေးကုန်ကျမှုရှိတဲ့အတွက် ပြည်သူတိုင်းကုသဖို့ခက်ခဲနေကြရပါပြီ၊ ထိခိုက်နစ်နာနေကြရပါပြီ။

ဒါကြောင့် ကျန်းမာရေးသူရဲကောင်းကြီးတွေအနေနဲ့ မိမိတို့ခံစားချက်တွေကို ခေတ္တချိုးနှိမ်ပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်နဲ့ အနာဂတ်အတွက် ပြည်သူ့ဆေးရုံတွေဆီကို အမြန်ဆုံး ပြန်လာခဲ့ကြဖို့ မျှော်လင့်တိုက်တွန်းလိုက်ရပါတယ်။ ။

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကချင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်နှင့် ပြည်နယ်သူ/သားများ၏ လုံခြုံရေးအတွက် နေ့ရောညပါ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်နယ်ရဲတပ်ဖွဲ့မှူးအပါအဝင် ရဲအရာရှိများ၊ တပ်ဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်သည့်အနေဖြင့် တပ်ဖွဲ့ဝင်မိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး ယခုလို ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်သည့်အတွက် မိမိတို့အနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများလုံခြုံရေးအတွက် ရှေ့ဆက်ပြီး လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် တပ်ဖွဲ့ဝင်များ၏ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်က ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား အားပေးအမှာစကားပြောကြားပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌ၊ အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေတို့က ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လူပျို/အပျိုတပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ အိမ်ထောင်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၃၈၀၀၀၀ ရှိ အခြေခံစားသောက်ကုန်များကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တိုင်းမှူးနှင့် တပ်မတော်အရာရှိများက ပြည်နယ်အတွင်း မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်များမှ တာဝန်ခံများနှင့် တွေ့ဆုံပြီး



လတ်တလောအခြေအနေကြောင့် ပြည်သူများ ငွေကြေးအခက်အခဲကြုံတွေ့မှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဘဏ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့်အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း





အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း





အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# မိုင်းယုနယ်သားတို့၏ နှလုံးအိမ်ထဲက ထပ်ပူခမ်း(ခ)ရွှေဂဏန်းစေတီတော်

**နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားပွဲကျင်းပလေ့ရှိသော ဉာဏ်တော်အမြင့် ၅၃ ပေ၊ ခြေတော်အချင်း ၁၁ ပေရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ တာကြန့်ကျေးရွာအုပ်စု တာကြန့်ကျေးရွာ ဟိုခိုဘုန်းတော်ကြီးကျောင်းရှိ ထပ်ပူခမ်းစေတီကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်က တည်ထားခဲ့ပြီး ထင်ရှားသော ရှေးဟောင်းသမိုင်းဝင် စေတီတော်တစ်ဆူ ဖြစ်ပါသည်။**

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မင်္ဂလာရှိသော ပူခမ်းတောင်ကုန်းတော်သို့ အရှင်အာနန္ဒာနှင့်အတူ ကြွမြန်းရောက်ရှိလာပြီး ရှေးယခင်ဘုရားလောင်းဘဝက ဤတောင်ခြေ၌ ရွှေကဏန်း(ပူခမ်း)ဘဝဖြင့် နေခဲ့ဖူးကြောင်း၊ ယခုဤနေရာတွင် ဆွမ်းဘုဉ်းမည်ဖြစ်ကြောင်း ရှင်အာနန္ဒာအား မိန့်ကြားလေသည်။ ထိုအခါ ညီတော်ရှင်အာနန္ဒာက သစ်ခက်တစ်ခုကို ချိုးယူပြီး တံမြက်စည်းအဖြစ် ဆွမ်းဘုဉ်းမည့်နေရာအား သန့်ရှင်းသပ္ပာယ်သွားအောင် တံမြက်စည်းလှည်းလိုက်သည်။

ထို့နောက် ရှင်အာနန္ဒာက ထိုသစ်ခက်အား မြောက်ဘက်အရပ်သို့ လွှင့်ပစ်လိုက်သည်ကို မြတ်စွာဘုရားရှင် မြင်တော်မူပြီး ပြုံးလိုက်လေသည်။ ထိုအခါ ရှင်အာနန္ဒာက အရှင်ဘုရား အဘယ်ကြောင့် ပြုံးတော်မူသနည်းဟု လျှောက်ထားမေးမြန်းသောအခါ မြတ်စွာဘုရားရှင်က နောင်တစ်ချိန်တွင် တံမြက်စည်းလွှင့်ပစ်လိုက်သည့် မြောက်ဘက်အရပ်၌ ဝမ်ယူးရွာ (ယူး= တံမြက်စည်း၊ ဝမ်=ရွာ)တစ်ရွာ ဖြစ်ပေါ်လာလိမ့်မည်ဟု မိန့်ကြားပြီး သာသနာတော်ထွန်းကားပြန့်ပွားစေရန် ရှင်အာနန္ဒာအား ဆံတော်နှစ်ဆူပေး၍ ဌာပနာစေခဲ့သည်။ တောင်ကုန်း၏ အရှေ့ဘက်အရပ်၌လည်း တောင်ဝှေးတော်ဖြင့် ထောက်တော်မူ၍ ကြည်လင်အေးမြသော နတ်ရေတွင်းတစ်တွင်း တည်ထားခဲ့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် မိုင်းယောင်းနယ်ကို ဖုရားသုလင်္ဂဝုတ္တိ မင်းပြုချိန် သာသနာသက္ကရာဇ် ၁၅၅၉ ခုနှစ်တွင် ရဟန္တာလေးပါးက မြတ်စွာဘုရား၏ ဆံတော်နှင့် ဓာတ်တော်တို့ကို သီဟိုဠ်ကျွန်းမှ မိုင်းယောင်းသို့ ပင့်ဆောင်လာပါသည်။ ထိုသတင်းကို ဝမ်ဒွန်းနွဲ့ကျေးရွာနှင့် ဝမ်ယမ်းခမ်းကျေးရွာ အကြားရှိ ဝမ်ဟွေလတ်ကျေးရွာ သူဌေးဇနီးမောင်နှံက ကြားသိ၍ ရဟန္တာ လေးပါးထံသို့ သွားရောက်ပြီး ဓာတ်တော်နှစ်ဆူအား ပူဇော်ပင့်ယူတောင်းခံလာခဲ့သည်။



ထို့နောက် စေတီတော်တည်ထားကိုးကွယ်ရန် ဝမ်ဟိုခိုကျေးရွာသူကြီး ပူကွတ်နှင့် တိုင်ပင်၍ ဆံတော်နှစ်ဆူနှင့် ဓာတ်တော်နှစ်ဆူပေါင်း၍ စေတီတော်ကို တန်ဆောင်မုန်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ တည်ထားတော်မူခဲ့ကြပါသည်။ မြတ်စွာဘုရား ဘုရားလောင်းဘဝက ရွှေဂဏန်း(ပူးခမ်း)အမည်ကို အစွဲပြု၍ ထပ်ပူခမ်း(ရွှေဂဏန်း)စေတီဟု ခေါ်တွင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် မိုင်းယောင်းနယ်ကို အုပ်ချုပ်သော ကျောက်ဖကောင်းခမ်းဖူးက စေတီတော်ကို ပိုမိုခိုင်ခံ့အောင် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့သည်။ ထို့နောက် သက္ကရာဇ် ၁၃၇၇ ခုနှစ်တွင် မိုင်းယုမြို့ ဝပ်ကျွမ်းသောင်းဆရာတော် ဦးဆောင်၍ စေတီတော်သွားရာ အတက်လမ်းအား ကွန်ကရစ်ခင်းခြင်း၊ ဓမ္မာရုံနှင့် ဇရပ်များ တည်ဆောက်ခြင်းနှင့် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်တွင် မိုင်းယောင်းမြို့ ဝပ်ကျွမ်းကျဲန့်ဆရာတော်နှင့် မိုင်းယုမြို့ ဝပ်ကျွမ်းသောင်းဆရာတော်တို့ ဦးဆောင်ပြီး မိုင်းယုသူ မိုင်းယုသားများသည် စေတီတော် ရေရှည်တည်တံ့စေရေး၊ ဗုဒ္ဓသာသနာရောင်ဝါတော်ထွန်းလင်းတောက်ပစေရေးအတွက် မူလစေတီအား ထည့်သွင်းဌာပနာ၍ အသစ်မွမ်းမံတည်ဆောက်ခဲ့ကြသည်။

ယင်း ရွှေဂဏန်း(ခ)ထပ်ပူခမ်းစေတီတော်မြတ်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ခန့်က တည်ထားကိုးကွယ်ခဲ့သည့် မိုင်းယုမြို့၏ သမိုင်းဝင်ဘုရားတစ်ဆူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်တွင် မိုင်းယောင်းမြို့နယ် ကျွမ်းကျဲန့်လဆရာတော် ဦးဣတ္တိဗညောနှင့် မိုင်းယုမြို့မရပ်ကွက်ရှိ ကျွမ်းတောင်း ဆရာတော် ဦးဣတဗညောတို့ဦးဆောင်၍ မိုင်းယုဒေသခံစေတနာရှင်ပြည်သူတို့က ပူးပေါင်းပါဝင်လျက် စေတီတော်ကြီး ရေရှည်တည်တံ့ကာ သာသနာရောင်ဝါထွန်းလင်းစေရေးအတွက် မူလစေတီအား မပျက်စီးစေရန် ငုံလျက်ထည့်သွင်းဌာပနာထားပြီး အသစ်မွမ်းမံ တည်ဆောက်ခဲ့ရာ ၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၃ ရက်က စေတီတော်ကြီးအား ရေစက်ချအမျှဝေခဲ့ကြသည်။ ယင်းစေတီတော်မြတ်ကြီး၏ ယခုလက်ရှိ ဉာဏ်တော်အမြင့်မှာ ၅၃ ပေဖြစ်ပြီး ခြေတော်အချင်းမှာ ၁၁ ပေဖြစ်ကြောင်း စေတီကြီး၏ ကျောက်စာမှတ်တမ်းများအရ သိရပြီး အဆိုပါပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့မှ လပြည့်ကျော် ၁ ရက်အထိ နှစ်စဉ် ကျင်းပလေ့ရှိကြောင်း သိရသည်။

ထပ်ပူခမ်း(ခ) ရွှေဂဏန်းစေတီတော်မြတ်ကြီး အသစ်ပြန်လည်မွမ်းမံတည်ဆောက်ကာ စုံလင်စွာပြီးစီး၍ ဌာပနာထည့်သွင်းခြင်း၊ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင် မင်္ဂလာနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို မြို့မရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု (ဝပ်လုံကြွမ်တောင်း) ကျောင်းတိုက်ဆရာတော် ဦးတိတ္တပညော၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

# ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးဖမ်းရက်တိုးမြှင့်ခွင့်ပြု



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ငါးသယံဇာတမပြုန်းတီးရေး၊ ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုအထောက်အပံ့ဖြစ်ရေး၊ ပြည်ပဝင်ငွေရရှိရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းအား ရေလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများသို့ နှစ်စဉ် လုပ်ကိုင်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀-၂၀၂၁ ခုနှစ် ငါးဖမ်းရာသီကာလသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဧပြီ ၃၀ ရက်တွင် ခွင့်ပြုကာလသက်တမ်းများ ကုန်ဆုံးမည်ဖြစ်ပြီး မြန်မာ့ပင်လယ် ငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များသည် ယခုအခါ ငါးဖမ်းခရီးစဉ် တတိယအခေါက်ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြကာ သတ်မှတ်ခွင့်ပြု ငါးဖမ်းရက် ၆၀ ပြည့်ပါက သက်ဆိုင်ရာ ဆိပ်ကမ်းအသီးသီးသို့ ပြန်လည် ဝင်ရောက်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရေလုပ်ငန်းကဏ္ဍတွင် အထိုက်အလျောက် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိနေပြီး ဖမ်းမိရေထွက်ပစ္စည်းများကို ပြည်ပတင်ပို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဝယ်လိုအားလျော့နည်းနေခြင်း၊ ဝယ်ယူလိုသူ၏ သတ်မှတ်သောဈေးနှုန်းမှာ လက်ရှိအခြေအနေအရ တွက်ခြေကိုက်မှုမရှိခြင်း၊ ပြည်တွင်းရောင်း ရေထွက်ပစ္စည်းများအပေါ်တွင်လည်း ကုမ္ပဏီများက အကြွေးစနစ်ဖြင့် ဝယ်ယူနေသဖြင့် ရေလုပ်ငန်းရှင်များအနေဖြင့် ငါးဖမ်းတစ်ခေါက် ထပ်မံပြန်လည်ထွက်ခွာနိုင်ရေးအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ အခက်အခဲများ အထိုက်အလျောက် သက်သာစေရေးအတွက် ငါးဖမ်းရက် တိုးမြှင့်ပေးခြင်းဖြင့် ရေလုပ်ငန်းရှင်များ ငါးဖမ်းဆီးရေးလုပ်ငန်းရရှိချိန်ကာလ ပိုမိုလာပြီး ငါးများ ပိုမိုဖမ်းဆီးနိုင်ရန်အတွက် လက်ရှိ ပင်လယ်ပြင်ငါးဖမ်းကွက်ရှိ ငါးဖမ်းရေယာဉ်များကို သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများမှ ထွက်ခွာခွင့်ပြုစာအရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ်လ ပထမပတ်အတွင်း ခွင့်ပြုငါးဖမ်းရက် ၆၀ ကုန်ဆုံးမည့် ငါးဖမ်းရေယာဉ်များအား ထပ်မံ၍ ၁၅ ရက် တိုးမြှင့်ဖမ်းဆီးခွင့်ပြုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

အဆိုပါ ကြေညာချက်အရ ငါးလုပ်ငန်းရှင်များအနေဖြင့် ယခုနှစ် ငါးဖမ်းရာသီမကုန်မီ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဝန်းသိုမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၆၀ လွှဲပြောင်းပေးအပ်

**ဝန်းသို ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၆၀ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ ညနေ ၃ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ရသည့်အကြောင်းရင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းများနှင့် လက်ရှိဖြစ်ပေါ်နေသော အပြောင်းအလဲကာလအတွင်း စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ပြောကြားခဲ့ပြီး ဇီးဖြူကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းထံ သတ္တမအကြိမ်မြောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၆၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဇီးဖြူကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အဆိုပါစီမံကိန်းလည်ပတ်ရန်ပုံငွေမှ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အသင်းဝင် ၁၀၇ ဦးထံ ပြန်လည်ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံကိန်းတာဝန်ခံ ဦးဖြိုးကျော်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ကယားပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၇**

ကယားပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ) ဘူးရယ်က ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် ဒေသကိုယ်စားပြုသူ တစ်ဦး ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနအသီးသီးတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန်၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်နှင့် မိမိအနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိက အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေကြသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်မပြတ် အကောင်းဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်များ သုံးစွဲရာတွင်လည်း ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ဒေသကိုယ်စားပြုသူတစ်ဦး ရွေးချယ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။



ဒေသကိုယ်စားပြု အမည်စာရင်းများအား ခရိုင်၊ မြို့နယ်အလိုက် တင်ပြချက်များအပေါ်မူတည်ပြီး ဆုံးဖြတ်အတည်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ မှန်ကန်စွာရွေးချယ်ရန်လိုကြောင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တာဝန်ထမ်းဆောင်စဉ်ဒဏ်ရာရရှိပြီး ကွယ်လွန်သွားသော ရဲတပ်ဖွဲ့ဝင်၏ မိသားစုအား လူနေတိုက်ခန်း ထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၁၇**

စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဖေဖော်ဝါရီ ၁၃ ရက် ည ၁၁ နာရီတွင် တာဝန်ထမ်းဆောင်စဉ် ပြင်းထန်ဒဏ်ရာများရရှိသဖြင့် တပ်မတော်ဆေးရုံ (ခုတင် ၇၀၀ ဆံ့ ပြင်ဦးလွင်)သို့ တက်ရောက်ကုသမှုခံယူခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်၌ ကွယ်လွန်သွားသောကြောင့် ကျန်ရစ်သောမိသားစုဝင်များအား လူနေတိုက်ခန်း ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းက လမ်း ၆၀၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြား စည်ပင်သာယာရဲတပ်ဖွဲ့ခမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

**ထောက်ပံ့ပေး**

အဆိုပါ ထောက်ပံ့ခြင်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနယ်မြေအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားသော ရဲတပ်ဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ကျန်ရစ်သောမိသားစုများအား နေရေးထိုင်ရေး အခက်အခဲမရှိစေရန်အတွက် တိုင်းဒေသကြီးကောင်စီအနေဖြင့် တိုက်ခန်းတစ်ခန်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်၏ ကလေးငယ်ကိုလည်း ပညာရေးနှင့်ပတ်သက်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဆိုပါရဲတပ်ဖွဲ့မှ ကွယ်လွန်သွားသော ရဲဒုတပ်ကြပ်၏ ဇနီးဖြစ်သူအား လူနေတိုက်ခန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ မြို့တော်ဝန်နှင့် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ စည်ပင်သာယာရဲတပ်ဖွဲ့မှ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ယနေ့ထောက်ပံ့ပေးအပ်သော တိုက်ခန်းမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်ထားသော မြရည်နန္ဒာ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းတိုက်ခန်းဖြစ်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က တစ်ဝက်စီကျခံ ပေးချေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူ ပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညို ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**









ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❖ ကျောဖုံးမှ

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ၂၀၁၇ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အထိ စီမံကိန်းများ လျာထားဆောင်ရွက်နေကြောင်း သိရသည်။ ထိုရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရေးဆွဲခဲ့သည့် Urban Transsport Development Plan in Greater Yangon (၂၀၁၆ –၂၀၃၅)နှစ်ရှည်စီမံကိန်းအရ ခေတ်မီလူထုမြို့ပြရထားပို့ဆောင်ရေးစနစ် (Yangon Urban Mass Rapid Transit–YUMRT)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုစနစ်အရ တောင်မြောက်လမ်းပိုင်း (ဒလ –မင်္ဂလာဒုံ ၂၇ ကီလိုမီတာ)နှင့် အရှေ့အနောက်လမ်းပိုင်း (လှိုင်သာယာ ၂၅ ကီလိုမီတာ) တို့ တည်ဆောက်ရန် JICA ၏ အကူအညီဖြင့် ကနဦးလေ့လာမှုကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အနောက်ခြမ်းနှင့် အရှေ့ခြမ်းဟူ၍ နှစ်ပိုင်းခွဲပြီး မြန်မာ့မီးရထားမှ ဆောင်ရွက်ခဲ့ရာ အနောက်ခြမ်းမှာ ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့မီးရထား အမှတ်(၇)တိုင်းက ဇန်နဝါရီလဆန်းပိုင်းတွင် ကြေညာခဲ့သည်။

ရန်ကုန်မြို့ပတ်အနောက်ခြမ်းအား A–1 ကုမ္ပဏီက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အပိုင်းသုံးပိုင်းခွဲ၍ စတင်ဆောင်ရွက်ခဲ့ပြီး တည်းကုန်း–အင်းစိန် ၃ ဒသမ ၇၅ မိုင်၊ အင်းစိန်–ကြည့်မြင်တိုင် ၅ ဒသမ ၅ မိုင်၊ ကြည့်မြင်တိုင်–ဘုရားလမ်း သုံးမိုင်တို့ ပါဝင်ကာ စုစုပေါင်း ၁၂ ဒသမ ၂၅ မိုင် ဖြစ်သည်။

ဇန်နဝါရီ ၁၁ ရက်တွင် နောက်ဆုံးကျန်ရှိနေသည့် ကြည့်မြင်တိုင်–ဘုရားလမ်း အတွင်းလမ်းကို ဖွင့်လှစ်ခဲ့သဖြင့် A–1 ကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့သော ရန်ကုန်မြို့ပတ်အနောက်ခြမ်းသည် ရထားလမ်းအဆင့်မြှင့်ခြင်း ပြီးစီးသွားသဖြင့် အစုန်အဆန်ရထားများ ပုံမှန်အတိုင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ရန်ကုန်မြို့ပတ် အရှေ့ခြမ်းကိုမူ ရွှေတောင်ကုမ္ပဏီက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစတင်ကာ အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ပြီး တည်းကုန်း–ပုရွက်ဆိတ်ကုန်း ၇ ဒသမ ၅ မိုင်၊ ပုရွက်ဆိတ်ကုန်း–ပုဇွန်တောင် ၈ ဒသမ ၅ မိုင်တို့ ပါဝင်ကာ စုစုပေါင်း ၁၅ ဒသမ ၇၅ မိုင် ဖြစ်သည်။

ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီတွင် ရေကူး–တာမွေ အပြင်လမ်းကို ဖွင့်လှစ်ခဲ့သဖြင့် တည်းကုန်းဘူတာမှ တာမွေဘူတာအထိ အစုန်အဆန် (အတွင်းလမ်း/အပြင်လမ်း) နှစ်ခုလုံး ပြီးစီးသွားပြီဖြစ်သည်။

တာမွေ– ပုဇွန်တောင်လမ်းပိုင်းမှာ အပြင်လမ်း ပြုပြင်ထားပြီးဖြစ်ကာ အတွင်းလမ်းသာကျန်ရှိပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တာမွေ– ပုဇွန်တောင် အတွင်းလမ်းပိုင်းကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် မြို့ပတ်ရထားပြေးဆွဲမှုကို ရထားတွဲဆိုင်း သုံးဆိုင်းဖြင့်သာ နံနက်ပိုင်းနှင့် ညနေပိုင်း ရုံးချိန်ရထားများကို ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်း ၅၉ မိုင်အား နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရထားလမ်းတာပေါင်များ၊ သံလမ်းများ ဂဟေဆက်ခြင်း၊ ရထားလမ်းများ ပြုပြင်တည်ဆောက်ခြင်း၊ ဘူတာ ၃၈ ဘူတာ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ စက်ခေါင်းတွဲ၊ တွဲစက်ရုံနေရာများ ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အချက်ပြစနစ်နှင့် ခေတ်မီရထားတွဲဆိုင်းများ ဝယ်ယူပြေးဆွဲခြင်းလုပ်ငန်းများလည်း ပါဝင်သည်။



စီမံကိန်းတန်ဖိုးအနေဖြင့် ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းနှင့် နိုင်ငံတော်ဘတ်ဂျက် ငွေကျပ် ၅၄ ဘီလီယံတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းသည် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂ –၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြီးဆုံးမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကိုးချောင်းဆက်သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပြီး ဘူတာစကြံပြုပြင်ရန် ၃၁ ခုအနက် ၁၅ ခု ဆောင်ရွက်ပြီးဖြစ်သည်။ တရားမဝင် ကားလမ်းကူးနေရာများနှင့် ဘူတာအများစု၌ လူကူးခုံးကျော်တံတား ၃၅ စင်းကိုလည်း တည်ဆောက်ဆဲဖြစ်ပြီး ကားလမ်းကူးများ အဆင့်မြှင့်တင်ခြင်း ၁၀ ခုကိုလည်း ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ ရန်ကုန်မြို့တော်သူ မြို့တော်သားများ ခရီးသွားလာရေး အဆင်ပြေစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့သွားနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်းကြီးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

မြင့်မောင်စိုး



## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်တွင် စတီဖာနိုဆစ်ဆီပက်စ်နဲ့ ဒန်နီအီလ်မက်ဗီဒက်ဗ်တို့ ထိပ်တိုက်တွေ့ဆုံနေ


ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ ဂရိတင်းနစ်ကစားသမား စတီဖာနိုဆစ်ဆီပက်စ်နဲ့ ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်တို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။

တင်းနစ်ကစားသမား စတီဖာနိုဆစ်ဆီပက်စ်ဟာ ကွာတားဖိုင်နယ်အဆင့်မှာ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ကို ၃–၆၊ ၂–၆၊ ၇–၆(၇–၄)၊ ၆–၄၊ ၇–၅ နဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့တာဖြစ်ပြီး ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်ကတော့ ကွာတားဖိုင်နယ်အဆင့်မှာ တစ်နိုင်ငံတည်းသားတင်းနစ်ကစားသမား ရုဘ်လက်ဗ်ကို ၇–၅၊ ၆–၃၊ ၆–၂ နဲ့ အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဒန်နီအီလ်မက်ဗီဒက်ဗ်ဟာ အခုတစ်ကြိမ် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ခြင်းဟာ ဂရန်းဆလမ်းပြိုင်ပွဲတွေရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တတိယအကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့တာလည်းဖြစ်ပြီး ဂရိတင်းနစ်ကစားသမား စတီဖာနိုဆစ်ဆီပက်စ်နဲ့ ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်တို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက်မှာ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။

ငွေကြယ်

## မန်ယူအသင်းက ပေါ်ဘာနေရာမှာ အစားထိုးဖို့ ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ဗယ်ဗာဒီကို ခေါ်ယူရန် စီစဉ်နေ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား ပေါ်ဘာနေရာမှာအစားထိုးဖို့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဥရုဂွေးအသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ခေါ်ယူရန် စီစဉ်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းက ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ခေါ်ယူဖို့ နှစ်ရှည်လများ စောင့်ကြည့်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီအတွင်းမှာ ခေါ်ယူနိုင်ဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

လက်ရှိမှာ မန်ယူအသင်းက နွေရာသီအပြောင်းအရွှေ့အတွင်းမှာ ခေါ်ယူမယ့် ကစားသမားစာရင်းကို ပြင်ဆင်ထားပြီး အဲဒီကစားသမားစာရင်းမှာ ကွင်းလယ်ကစားသမား ဗယ်ဗာဒီက ဦးစားပေးကစားသမားအဖြစ် ပါဝင်နေတာ ဖြစ်ပါတယ်။

ဗယ်ဗာဒီဟာ လက်ရှိကလပ်ရီးယဲလ်မက်ဒရစ်အသင်းမှာ တစ်ပတ်လုပ်ခလစာပေါင် ၁၂၀၀၀၀ နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက လေးနှစ်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။

ဒါပေမယ့် ကွင်းလယ်ကစားသမား ပေါ်ဘာက ယခုနှစ် ဘောလုံးရာသီအစပိုင်းကတည်းက မန်ယူအသင်းကနေ ထွက်ခွာဖို့ စီစဉ်ခဲ့တာဖြစ်တဲ့အတွက် ပေါ်ဘာနေရာမှာ ဗယ်ဗာဒီနဲ့ အစားထိုးဖို့ မန်ယူအသင်းက ပြင်ဆင်လာခဲ့တာဖြစ်ပြီး ပေါ်ဘာဟာ အသင်းဟောင်း ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေပြိုင်ပွဲမှာ ကစားခွင့်ရရှိဖို့ ချိတ်ဆက် မှုတွေပြုလုပ်နေတာ ဖြစ်ပါတယ်။

ငွေကြယ်



# အုတ်တွင်းမြို့နယ် ဆင်ကုန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်ချေးငွေထုတ်ပေး



**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက နတ်စင်ကုန်းကျေးရွာအုပ်စု ဆင်ကုန်တိုင်ကျေးရွာတွင် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ် ချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် ကျေးလက်နေလူထု၏စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု ဆင်ကုန်တိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ် ချေးငွေထုတ်ပေးရာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုနွယ်ဝင်းနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း ၇၈ ဦးအား ငွေကျပ် ၃၅၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

# မိုင်းယောင်းမြို့နယ်၌ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များလှူဒါန်း

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၇**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကာလအတွင်း ဆွမ်းကိစ္စအခက်အခဲမရှိစေရန်အတွက် ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လှူဒါန်းသောဆွမ်းဆန်တော်များကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဖေဖော်ဝါရီ ၁၆ ရက်က သွားရောက်လှူဒါန်းကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ သွားရောက်လှူဒါန်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီဝေနှင့် တာဝန်ရှိသူများက ဟိုခုံပရိယတ္တိစာသင်တိုက်၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတိုက်၊ ကြောမ်ကျိုက်ဘုန်းတော်ကြီးကျောင်းနှင့် ဝမ်ဘန်းကျေးရွာ၊ ဝမ်တွီကျေးရွာဘုန်းတော်ကြီးကျောင်းများသို့ အသီးသီး သွားရောက်လှူဒါန်းခဲ့သည်။

**စိုင်းအောင်ဇော်လင်း**

# ပိုင်ကျုံမြို့ လှိုင်းဘွဲ့-ပိုင်ကျုံလမ်းပိုင်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီး

**ပိုင်ကျုံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ သွားလာမှု လွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရေးအတွက် လမ်းများအား အဆင့်မြှင့်တင်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေကျပ် ၂၂၅ ဒသမ ၉ သန်းဖြင့် လှိုင်းဘွဲ့-ပိုင်ကျုံလမ်းအား အရှည် ၁ ဒသမ ၁ ကီလိုမီတာ၊ အကျယ် ၁၈ ပေရှိသော လမ်းချဲ့ခြင်းနှင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ ပိုင်ကျုံမြို့၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ခေတ်ဇမ္ဗူအိမ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပိုင်ကျုံ**
**(ပြန်/ဆက်)**



# ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဒလ-ဖျာပုံ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ တစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသို့ ခရီးသည်များ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသော ခရီးစဉ်ယာဉ်လိုင်းများသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း ပြေးဆွဲမှုမရှိဘဲ ရပ်နားထားခဲ့ရာမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ယာဉ်လိုင်းအချို့ ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။




ဒလမြို့နယ်အဝေးပြေးကားဝင်း၌ ဒလ-ဖျာပုံပြေးဆွဲနေသော ထက်အောင်ကျော် ယာဉ်လိုင်းနှင့် ပိုင်ရောယာဉ်လိုင်းတို့ လက်ရှိအချိန်တွင် ခရီးသည်များ အဆင်ပြေစေရေးအတွက် ပြန်လည်ပြေးဆွဲလျက်ရှိပြီး သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်မှုများဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အခြေပြု ပြေးဆွဲနေသော ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များနှင့် လှိုင်သာယာမြို့နယ်များသို့ YBS၄၇၊ YBS ၄၈၊ YBS ၄၉၊ YBS ၅၀ ယာဉ်လိုင်းများလည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ဒလမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၂၉၄ စီးရှိကြောင်း၊ လက်ရှိအချိန်တွင် ခရီးလမ်းများ ပြန်လည်ပွင့်လင်းလာခြင်းကြောင့်ယာဉ်လိုင်းအချို့မှာ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဝါးထုတ်ကုန်ပစ္စည်းများ ဝယ်ယူမှုနည်းပါးလာ၍ လုပ်သားအင်အားလျှော့ချနေရ



**ရေတာရှည် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် ပဲခူးရိုးမနှင့် ထိစပ်နေသော သစ်တောဧရိယာကျယ်ပြောစွာရှိပြီး သစ်တောထွက်ကုန်တစ်မျိုးဖြစ်သည့် ဝါးကို ဒေသခံများက အခြေခံထုတ်ကုန်များပြုလုပ်၍ ဈေးကွက်ကိုတင်ပို့ရောင်းချခြင်းလည်းဖြစ်သည်ကို တွေ့ရှိရသည်။

ဝါးထုတ်လုပ်ခွင့်ရရှိသူများသည် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၂၈ မိုင်နှင့် မိုင် ၃၀ အထိ မော်တော်ယာဉ်များဖြင့် သွားရောက်သယ်ယူကြရခြင်းနှင့်ပတ်သက်၍ ဝါးအရောင်းအဝယ်လုပ်ကိုင်သော ဆွာမင်းလမ်းကျေးရွာနေ ဒေါ်စန်းငွေက "ဝါးလုပ်ရတာကလည်း တစ်နှစ်ထက်တစ်နှစ် ပိုရှားလာသလို တောတွင်းဝင်ရတဲ့ခရီးက ပိုဝေးလာတယ်။ အရင်က ၁၀ မိုင် ဖိုးကျားစခန်းလောက်မှာ တင်ရတာ။ ခုတော့ မိုင် ၃၀ အထိသွား တင်ရတယ်။ တောထုတ်ဈေးကတော့ ကြသောင်းဝါးတစ်လုံးကို အကြီးအသေးပေါ်မူတည်ပြီး ၂၂၀၊ ၃၀၀ ကျပ်ပေါ့။ ကားလမ်းမှာကျတော့ ၃၅၀၊ ၄၀၀ နဲ့ ပြန်ရောင်းတယ်" ဟု ပြောကြားသည်။

ဝါးကုန်သည်များသည် ကြသောင်းဝါးအလုံး လိုက်ကို ပျော်ဘွယ်၊ ကျောက်ဆည်၊ မြင်းခြံ၊ မြစ်သားမြို့ များအထိ တင်ပို့ရောင်းချကြသော်လည်း ကိုဗစ်-၁၉ ကာလတွင် ယာဉ်မောင်းအခက်အခဲကြောင့် ထင်သလောက် တင်ပို့ရောင်းချနိုင်ခြင်းမရှိသည့်အပြင် ဝါးကပ်ရိုက်လုပ်ငန်း ၌ ဈေးကွက်ဝယ်လိုအားကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားကိုလျှော့ချထားရကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

ဝါးနှင့်ပတ်သက်သောလုပ်ငန်းများကို ရွှေသပြေ၊ မြောက်လွတ်ကုန်း၊ ဆီဆုံကုန်းနှင့် ဆွာမင်းလမ်းကျေးရွာများတွင် အဓိကလုပ်ကိုင်ကြပြီး ဝါးကပ်ရိုက်လုပ်ငန်း လုပ်ကိုင်သူများသည် ကျွမ်းကျင်မှုအပေါ်မူတည်၍ တစ်ရက်လျှင် ၂၅ ချပ်မှ ချပ်ရေ ၃၀ အထိ ပြီးစီးနိုင်ကာ တစ်ချပ်ရိုက်ခ ၂၀၀ ကျပ်နှုန်းဖြင့် ကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ နေ့စဉ်ပုံမှန်ဝင် ငွေရရှိလျက်ရှိနေခြင်းဖြစ်သည်။

ဝါးလုပ်ငန်းတွင် အဓိကအရောင်းအဝယ်ဖြစ်သည့် ဝါးအိပ်စင်၊ ဝါးကုလားထိုင်များကို ဆီဆုံကုန်းကျေးရွာ၌ သီးသန့်ပြုလုပ်၍ ကားလမ်းဘေးရှိ ဝါးနှင့် ဝါးအရောင်းဆိုင်များကို ဖောက်သည်ဈေးဖြင့်ပြန်သွင်းပြီး ရန်ကုန်-မန္တလေးကားလမ်းတွင် အစုန်-အဆန် သွားလာနေကြသော မော်တော်ယာဉ်များ၊ ရွာနီးချုပ်စပ်ဒေသများကို အိပ်စင်တစ်ခု လျှင် ကျပ် ၅၀၀၀၊ ကုလားထိုင်တစ်လုံးလျှင် ကျပ် ၂၀၀၀ ဖြင့် ပြန်လည်ရောင်းချသည့်အခါ ယခုလို ဆောင်းရာသီနှင့်နွေကာလများတွင်အားထားရောင်းချရသော်လည်း လက်ရှိဈေးကွက်အေးနေသည့်အတွက် ပစ္စည်းများစုပုံထားရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအား ပြန်လည်ဖွင့်လှစ်



**ပင်းတယ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ရွှေဥမင်သဘာဝ လိုဏ်ဂူတော်ဘုရားအား ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်ကာလမှစ၍ ယာယီပိတ်ထားခဲ့ရာ ယနေ့ နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ဘုရားအနေကဇာတင်ခြင်းမင်္ဂလာအား ပင်းတယမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အရှင်စန္ဒောဘာသနှင့် ဩဝါဒါစရိယ ဆရာတော်များက ရွှေဥမင်ဘုရားရှိ စေတီပုထိုးတော်များအား အနေကဇာ တင်ခြင်း မင်္ဂလာကို ရွတ်ဆိုအနေကဇာတင်တော်မူသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းစေတီပုထိုးတော်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီး မြို့နယ်သံဃနာယကဆရာတော်နှင့် ဩဝါဒါစရိယ ဆရာတော်များက လိုဏ်ဂူတော်အတွင်း လိုအပ်သည်များကို မိန့်ကြားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရွှေဥမင်ဘုရား အပေါ်ပစ္စယံရင်ပြင်တော်၌ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်သံဃနာယကဆရာတော်နှင့် အဖွဲ့ဝင်သံဃာတော်များအား ကန်တော့ကြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့မှစတင်၍ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လာရောက်ဖူးမြော်နိုင်ကြပြီဖြစ်ပြီး ဂူအတွင်းသို့ တစ်ကြိမ်လျှင် သတ်မှတ်ထားသည့် လူဦးရေအကန့်အသတ်ဖြင့်သာ ဝင်ရောက်ဖူးမြော်ရမည်ဖြစ်သည်။ အလားတူ ကျေးဇူးရှင်ကုံလုံဆရာတော်၏ ရုပ်ကလာပ်တော်ထားရှိရာ ကုံလုံစဥ့်စံကျောင်းတော်ကိုလည်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပင်းတယ(ပြန်/ဆက်)

# ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား အများပြည်သူ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိ

**ကျိုက်မရော ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၏ သမိုင်းဝင်တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မွန်ဘုရင်မကြီးရှင်စောပု တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်ဘုရားကြီးကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် ခေတ္တယာယီပိတ်ထားရာမှ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ အများပြည်သူစိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ဖေဖော်ဝါရီ ၉ ရက်က ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဖွင့်လှစ်ရာတွင် ကျိုက်မရောမြို့နယ်အတွင်းရှိ ခရုံဂူဘုရား၊ စပယ်ဂူဘုရား၊ ဖားဘောင်ဂူဘုရားတို့၌ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ နေ့စဉ်နံနက် ၆ နာရီမှ ည ၇ နာရီအထိ ဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ယခုကာလတွင် ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးသို့ နေ့စဉ် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

■



# (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၇**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က မိမိတို့ချင်းတိုင်းရင်းသားများ၏ အမြတ်တနိုးတန်ဖိုးထားသည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကြောင့် ယခင်နှစ်များကဲ့သို့ စည်ကားစွာကျင်းပရန် မဖြစ်နိုင်သော်လည်း အနှစ်သာရရှိရှိ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ တွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ တွေ့ဆုံပွဲကို ယမန်နေ့ ညနေ ၄ နာရီခန့်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ်၏ အရေးကြီးသောလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ဘဏ်လုပ်ငန်းများအနေဖြင့် ရပ်တန့်မှုမရှိဘဲ ပုံမှန်အတိုင်းဆက်လက်ဆောင်ရွက်နိုင်ရေး၊ အရှိန်အဟုန်မပျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားမရှိစေရေးနှင့် ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရသည့်လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲ အတားအဆီးများကို ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစောခင်မောင်မြင့်၊ ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းဝင်းတို့က ဘဏ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးနိုင်သည်များကို ရှင်းနီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော ဘဏ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ လုံခြုံရေးအခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်တင်ပြကြစေလိုပြီး အပြည့်အဝကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# ပင်လောင်းမြို့နယ်၌ ကလေးသူငယ်များအား ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေး


**ပင်လောင်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ကလေးသူငယ်များအား ဗီတာမင်အေဆေးနှင့် သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးငယ်များအား သန်ချဆေး၊ အသက်ခြောက်လမှ တစ်နှစ်အောက် ကလေးသူငယ်များအား ယူနစ်တစ်သိန်း ဗီတာမင်အေဆေး၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးသူငယ်များကို ယူနစ်နှစ်သိန်း ဗီတာမင်အေဆေးများ တိုက်ကျွေးပေးပြီး အဆိုပါ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများရှိ စုရပ်အသီးသီးတွင် တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ မန်ကျည်းသီးဈေးနှုန်းကောင်း၍ စိုက်ပျိုးသူများ အကျိုးအမြတ်ရရှိ



**ညောင်ဦး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ အညာကျေးလက်နေပြည်သူများ လယ်ယာလုပ်ငန်းခွင်နှင့်တွဲဖက်၍ မိသားစုဝင်ငွေတိုးပွားရေးအတွက် နှစ်ရှည်သီးနှံဖြစ်သည့် မန်ကျည်းပင်များကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် မန်ကျည်းသီးများပေါ်ချိန် ဈေးကောင်းရရှိ၍ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြောင်း ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ်မှာ မန်ကျည်းသီးက ဈေးကောင်းရရှိလို့ မန်ကျည်းပင်စိုက်ပျိုးတဲ့တောင်သူတွေ လုပ်ငန်းအဆင်ပြေကြပါတယ်။ မန်ကျည်းပင်က တစ်နှစ်မှာ တစ်ကြိမ်သာ ဆွတ်ခူးရောင်းချရတဲ့ နှစ်ရှည်သီးနှံဖြစ်ပေမယ့် ရာသီဥတုနဲ့ မိုးလေဝသကောင်းရင်ကောင်းသလို အသီးအထွက်နှုန်းကောင်းပြီး တောင်သူတွေအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက ရရှိတဲ့ သီးနှံဝင်ငွေအပြင် မိသားစုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိလို့ စိုက်ပျိုးသင့်ပါတယ်။ ဒီနှစ်ဆိုရင် မန်ကျည်းသီး တစ်ပိဿာကို ငွေကျပ် ၁၇၀၀၊ ၁၈၀၀ အထိ ရောင်းချရလို့ စီးပွားရေး တွက်ခြေကိုက်ပါတယ်။ နောက်ပြီး မြို့ကိုသွား၍ ရောင်းချစရာမလိုဘဲ မန်ကျည်းပွဲစားများက အိမ်အရောက်လာရောက်ဝယ်ယူလို့ ခရီးစရိတ်လည်း အကုန်အကျ သက်သာပါတယ်။ ဒီနှစ်မှာ မန်ကျည်းသီးက မိုးရွာသွန်းမှုလျော့နည်းတော့ ပြီးခဲ့တဲ့နှစ်တွေကလို အသီးနှုန်းကျဆင်းပါတယ်။ ဒါပေမယ့် ဈေးကောင်းရရှိတော့ လုပ်ငန်းအဆင်ပြေပါတယ်။ ခုလို မန်ကျည်းသီးပေါ်ချိန်မှာ ကျေးရွာတွေမှာရှိတဲ့ မန်ကျည်းသီးဝယ်လှောင်ကြတဲ့ လုပ်ငန်းရှင်တွေက မန်ကျည်းသီးအသား (အစေ့မပါ)ကို သိုလှောင်ကြတော့ မန်ကျည်းသီးအစေ့ထုတ်ခြင်းကို တစ်ပိဿာ ငွေကျပ် ၂၀၀ နှုန်းနဲ့ အလုပ်သမားငှားရမ်းလုပ်ကိုင်ကြလို့ တောင်သူလုပ်ငန်းခွင် နားတဲ့အချိန်မှာ ဒေသခံပြည်သူတွေ မန်ကျည်းသီးအစေ့ထုတ်လုပ်ငန်းကနေ မိသားစုအပိုဝင်ငွေရရှိနေကြပါတယ်" ဟု ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဖြူကြီးကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

မန်ကျည်းပင်များကို မြန်မာနိုင်ငံတစ်ဝန်းနေရာအနှံ့အပြားတွင် တွေ့ရတတ်ပြီး မြန်မာပြည် အထက်ပိုင်းဒေသများတွင် အရိပ်ရသစ်ပင်ကြီးများအဖြစ် အများအပြား စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မန်ကျည်းပင်သည် မုတ်သုံကာလ မိုးရာသီတွင် အရွက်နုများထွက်ပြီး စိမ်းစိုနေကာ ပူပြင်းခြောက်သွေ့သော နွေဦးရာသီတွင် တစ်ပင်လုံး အရွက်များကြွေကျလေ့ရှိသည်။ မန်ကျည်းပင်သည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့်အတွက် တစ်နှစ်လျှင် တစ်ကြိမ်သာသီးသည့် အပင်တစ်မျိုးဖြစ်ပြီး ကြိုက်နှစ်သက်သော ရေမြေရာသီဥတုအနေဖြင့် အပူအအေးမျှတသောဒေသများတွင် စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှုရှိကာ မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး ရွှံ့စေးဆန်သောမြေကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရသည်။

မန်ကျည်းပင်စိုက်ပျိုးရာတွင် အစေ့မှတစ်ဆင့် စိုက်ပျိုးနိုင်သလို ကိုင်းဖြတ်စိုက်ခြင်း၊ မြေထုပ်စည်းခြင်း၊ ကိုင်းကူးစိုက်ခြင်း စသည်ဖြင့် အမျိုးမျိုး စိုက်ပျိုးနိုင်သည်။ အပင်ကြီးထွားစဉ် တစ်လျှောက်ရေနေ့စဉ်ပုံမှန်လောင်းနေစရာမလိုအောင် ဂရုစိုက်စရာမလိုအပ်သည့် နှစ်ရှည်သီးနှံပင်တစ်မျိုးလည်းဖြစ်ကာ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြေဆွေး၊ နွားချေး၊ ကွန်ပေါင်း စသည့်မြေဩဇာကျွေးခြင်းကို တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ်ခန့် ကျွေးပေးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းစေသည်။

မန်ကျည်းပင်မှထွက်ရှိသော အသီးနှင့် မန်ကျည်းရွက်နုများကို ဟင်းချက်ရာတွင် အမျိုးမျိုးသုံးစွဲချက်ပြုတ်ကြပြီး ဖျော်ရည်၊ ယို၊ မန်ကျည်းတော်ဖီစသည့် စားသောက်ကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများတွင် ပါဝင်ပစ္စည်းများအဖြစ် ရောနှောအသုံးပြုကြ၍ စိုက်ပျိုးတောင်သူများအနေဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိသဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် စိုက်ပျိုးသည့် သခွားသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် ဒေသခံတောင်သူများ မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြု၍ (နွေ ၊ မိုး ၊ ဆောင်း) ရာသီမပြတ် သခွားသီးနှံကို အဓိကစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ဈေးကောင်းရရှိသည့်အတွက် လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း အဆိုပါကျေးရွာနေ သခွားသီးနှံစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲထောပတ်၊ ပဲတီစိမ်း၊ နေကြာ စသည့် သီးနှံများကို စိုက်ပျိုးကြသည့်အပြင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြု၍ ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ အချို့ကျေးရွာများရှိဒေသခံတောင်သူများမှာ ဥယျာဉ်ခြံမြေများပြုလုပ်ကာ ဖီးကြမ်းငှက်ပျော၊ သီးမွှေးငှက်ပျော၊ ငှက်ပျောချဉ်နှင့် နှစ်ရှည်သီးနှံများဖြစ်သည့် ပိန္နဲ ၊ သရက် ၊ သနပ်ခါး ၊ လျှော်ဖြူ ၊ မန်ကျန်ရှား ၊ ရှောက်ပင်နှင့် သံပရာပင်များကိုလည်း စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ဟင်းသီးဟင်းရွက် စားပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းမှာ တောင်သူများအတွက် နေ့စဉ်မိသားစုဝင်ငွေရရှိသည့်အတွက် တောင်သူများက (နွေ၊ မိုး ၊ ဆောင်း ) ဟင်းသီးဟင်းရွက်စားပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်နေကြကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ပြန်/ဆက် )**

## မင်းဘူးမြို့နယ်၌ ဂန္ဓမာပန်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချခြင်းဖြင့် စားဝတ်နေရေးအဆင်ပြေ

**မင်းဘူး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာမှ ပန်းစိုက်တောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် ဂန္ဓမာပန်းများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း ပန်းစိုက်တောင်သူများထံမှ သိရသည်။

ထိုကဲ့သို့ ဂန္ဓမာပန်းများစိုက်ပျိုးရာတွင် ရွှေဝါဝင်း၊ လပ်ကီး၊ ရွှေစိမ်း၊ ငုရွှေဝါ စသောပန်းအမျိုးပေါင်းများစွာရှိသော်လည်း ရွှေဝါဝင်းပန်းတစ်မျိုးတည်းကိုသာ ရွေးချယ်၍ မြေအောက်ရေအသုံးပြုပြီး ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားကာ ပိုးကျသည့်အခြေအနေပေါ်မူတည်၍ ပိုးမွှားကာကွယ်ဆေးများပက်ဖျန်းပေးရကြောင်း ပန်းစိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

ကျောက်တန်းကျေးရွာမှ ထွက်ရှိသောပန်းများကို မကွေးဈေးနှင့် မင်းဘူးဈေးများသို့သွားရောက်ရောင်းချသည့်အပြင် ပန်းဝယ်လိုသူများကစိုက်ခင်းထဲအထိ လာရောက်ဝယ်ယူပါက ရောင်းချပေးကြောင်း၊ ယခင်နှစ်က ပန်း ၁၀ ပင်တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ကျော်ရောင်းချရသော်လည်း ယခုနှစ်တွင် ပန်း ၁၀ ပင်စည်းတစ်စည်းလျှင် ငွေကျပ် ၇၀၀ ဖြင့်သာ ရောင်းချရကြောင်း၊ ငွေကျပ် ၆၀၀၀၀၀ ဖြင့် ရင်းနှီးစိုက်ပျိုးကာ ပန်းဈေးကျသော်လည်း နေ့စဉ်ရက်ဆက် ရောင်းနေရပြီး လက်ထဲငွေရွှင်နေသဖြင့် အဆင်ပြေနေကြောင်း ကျောက်တန်းကျေးရွာမှ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူ ကိုညီညီမင်းက ပြောကြားသည်။

မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသောကျေးရွာဖြစ်ပြီး ဂန္ဓမာပန်းအပြင် ငှက်ပျော၊ ကုလားပဲ၊ ပဲတီစိမ်း၊ နေကြာ၊ ပဲကြီးနှင့် အခြားဟင်းသီးဟင်းရွက် သီးနှံများလည်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဇေယျာထက် (မင်းဘူး)**



## ရေစကြိုမြို့နယ် ပဲဆွန်တာနီစိုက်ခင်းနှင့်အတူ သီးထပ်နေကြာပါ အောင်မြင်ဖြစ်ထွန်း

**ရေစကြို ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဧရာဝတီမြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန် ကျွန်းမြေများပေါ်စိုက်ပျိုးထားသည့် ပဲဆွန်တာနီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကာ သီးထပ်သီးညှပ်စိုက်ပျိုးထားသည့် နေကြာခင်းပါ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဗလဗကျေးရွာ တောင်သူဦးဇော်ဝင်းထံမှ သိရသည်။



ရေစကြိုမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးကျေးရွာများသည် မြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန်နှင့် မြစ်ရေဝင်ရောက်သည့် အင်းများရေကျချိန် နုန်းတင်မြေနုများပေါ် ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံများ၊ စပ်မျိုးပြောင်း၊ ဗာဂျီနီးယားဆေးရွက်ကြီး၊ ဗမာဆေးရွက်ကြီး၊ သစ္စာပန်း၊ မေမြို့ပန်း၊ ကြံ၊ ကြက်သွန်နီ အစရှိသောသီးနှံများကို မြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန် စိုက်ပျိုးကြသည့် ဗလဗ၊ ဆင်ကြို့၊ ကြူရွာ၊ မထီး၊ ဇယမ၊ ကွေ့ထောင့်၊ ငါးမြှာကြီး ၊ငါးမြှာလေး၊ အောင်သာကျေးရွာများသည် မြေနုကျွန်းစိုက်ပျိုးရေးလုပ်ကိုင်ကြသည့် ကျေးရွာများဖြစ်ကြကာ စိုက်ခင်းထဲကြဲပက်စိုက်ပျိုးပြီးလျှင် စိုက်ပျိုးသီးနှံရရှိရန် ၈၀ ရာခိုင်နှုန်းသေချာသလောက်ရှိနေပြီး မြေဆီ၊ မြေနှစ် သိပ်မထည့်ရဘဲ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ခင်းများဖြစ်ကြောင်းလည်း ဦးဖိုးကျော်က ရှင်းပြသည်။

ယခုစိုက်ပျိုးထားသည့် ပဲသည် ဆွန်တာနီပဲအမျိုးအစားဖြစ်ကာ မနှစ်က တစ်တင်း ကျပ် ၁၇၀၀၀ ရောင်းချရကြောင်း၊ နေကြာသီးထပ်စိုက်ပျိုးခြင်းဖြစ်ကာ ရရှိလာသည့် နေကြာများ စားဆီအတွက် ကြိတ်၍ ကိုယ်တိုင်စားသုံးကြကြောင်း သိရသည်။

ကျွန်းမြေစိုက် ပျိုးတောင် သူများသည် ပဲအမျိုးမျိုးစိုက်ပျိုးကြကာ ဆွန်တာနီ၊ ပဲဇီးကွက်၊ အပျိုကြီးပဲ၊ ဘိုစားပဲ၊ ပဲထောပတ်၊ စားတော်ပဲ၊ တိုင်ထောင်ပဲ၊ ကုလားပဲ၊ ပဲကော၊ ပဲကြား၊ ပဲကြီး အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ပဲများအား ပခုက္ကူမြို့ ကုန်သည်ပွဲစားများထံသို့ရောင်းချကြကြောင်း သိရသည်။

ယခုစိုက်ပျိုးထားသည့် ဆွန်တာနီပဲစိုက်ခင်းများအလွန်ကောင်းမွန်နေကာ ပဲသိမ်းချိန်ဈေးနှုန်းကောင်းမျှော်လင့်နေပြီး သီးထပ်နေကြာလည်း ကောင်းမွန်ခြင်းကြောင့် ဆီအတွက် မိသားစုသုံးစွဲရန်ဖူလုံနိုင်ကြောင်း ဦးဇော်ဝင်းထံမှ သိရသည်။

**ဝတီ**

# ချင်းပြည်နယ် တရားလွှတ်တော်ဆောက်လုပ်ခြင်းလုပ်ငန်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဟားခါး ဖေဖော်ဝါရီ ၁၇**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်သည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ ကောင်စီဝင်များနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီက ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ချင်းပြည်နယ်တရားလွှတ်တော်ဆောက်လုပ်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား အဆောက်အဦ တာဝန်ယူဆောက်လုပ်သည့် အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆)မှ တာဝန်ခံအင်ဂျင်နီယာက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ချင်းပြည်နယ်တရားလွှတ်တော် RC သုံးထပ်အဆောက်အအုံ (ပေ ၁၂၀ x ပေ ၁၄၀)+ (၄၈ ပေx ပေ ၃၀) ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစ၍ စတင်ဆောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုပ်ငန်းတစ်ခုလုံး၏ ၅၉ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**စစ်တွေ ဖေဖော်ဝါရီ ၁၇**

၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးမင်းသန်းက ပြည်နယ်တည်ဆောက်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေမှု၊ ကော်မတီဝင်များ ဖွဲ့စည်းတာဝန်ပေးထားမှု၊ ပြည်နယ်တည်ဆောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းများ၊ ပြည်နယ်ဦးစီးမှူးများအား တာဝန်ပေးအပ်ထားရှိမှု စသည့် အခြေအနေများကိုရှင်းလင်းပြီး အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း၊ ပြည်နယ်တည်ဆောက်ရေးတင်ဒါ ဗဟိုကော်မတီအဖွဲ့ဝင်များက တင်ဒါဥပဒေ၊ လုပ်ထုံးလုပ်နည်းများအားရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါခေါ်ယူဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမင်းသန်းက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**နမ္မတူ ဖေဖော်ဝါရီ ၁၇**

ဆီလိန်ခမ်း လူမှုကူညီရေးအသင်းက နမ္မတူမြို့နယ်အတွင်း လာရောက်ခိုလှုံလျက်ရှိသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား မိသားစုအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ယမန်နေ့ ညနေ ၄ နာရီခန့်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ထောက်ပံ့ပေးအပ်

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဆီလိန်ခမ်း လူမှုကူညီရေးအသင်းက နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ နမ့်တောင်ကုန်းကျေးရွာမှ ယာယီတိုက်ပွဲရှောင် ပြည်သူအိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၈ ဦးတို့အတွက် တစ်အိမ်ထောင်လျှင် တစ်ကိုယ်ရည်သုံးပစ္စည်း ၁၀ မျိုးပါ Hygiene Kit တစ်ခု၊ အမျိုးသမီးဝတ်လုံချည် တစ်ထည်၊ ပုဆိုး တစ်ထည်၊ အင်္ကျီတစ်ထည်၊ အနွေးအင်္ကျီနှစ်ထည်၊ ဦးထုပ် နှစ်လုံး၊ စောင် နှစ်ထည်၊ ခြေအိတ် နှစ်စုံ၊ လက်အိတ် နှစ်စုံ၊ အတွင်းခံဝတ်စုံ တစ်စုံနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ BJV ကုမ္ပဏီမှလည်း နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ မန်ဝါကျေးရွာနှင့် နမ့်တောင်ကုန်းကျေးရွာတို့မှ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၁၃ ဦးတို့အတွက် ငွေကျပ် ၂၆၂၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။



နမ္မတူမြို့နယ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှစတင်ကာ နမ္မတူမြို့နယ် ပန်ချင်ကျေးရွာအုပ်စု ညောင်ဆွယ်ကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာ အနီးတစ်ဝိုက်တွင် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် နမ္မတူမြို့နယ် ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်းနှင့် မန်စံကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့တွင် နမ့်တောင်ကုန်းကျေးရွာအုပ်စု နမ့်တောင်ကုန်း၊ နားကျဲ၊ နားကျိုင်းကျေးရွာ၊ ပန်ချင်ကျေးရွာအုပ်စု ပိန်းလုံ၊ ကွန်းကျောင်းကျေးရွာနှင့် လွယ်ပြေးကျေးရွာအုပ်စု မန်ဝါကျေးရွာတို့မှ ထွက်ပြေးတိမ်းရှောင်လာကြသော ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၃၁၅ ဦး လာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)



# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**ဖာပွန် ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သက်ဦးက ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည်မြင့်မားလာစေရန်၊ ဉာဏ်ရည်ထက်မြက်လာစေရန်၊ နှုတ်ပြောစွမ်းရည်မြင့်မားစေရန်၊ ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပုံပြောပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

စိုင်းကျော်ဝဏ္ဏ၊ စောအောင်မျိုးလွင်(ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြင့်(ညောင်လေးပင်)

**အင်ဂျင်နီယာချုပ်(ငြိမ်း)(MOEE)**

**Consultant (ရွှေတောင်လုပ်ငန်းစု)**

**အသက်(၆၅)နှစ်**

ညောင်လေးပင်မြို့နေ (ဦးသိန်းဟန်-ဒေါ်ညွန့်ရီ)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးလှမြင့်-ဒေါ်မိုးစန္ဒာဝင်း၊ ဦးဝင်းဇော် (၃/အတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းနိုင်-ဒေါ်မိမိခိုင်၊ (ဦးသိန်းထွန်း-ဒေါ်သက်သက်ခိုင်)၊ ဦးဇော်မင်းထွန်း-ဒေါ်အေးအေးသန့်(ငါးလုပ်ငန်းဦးစီးဌာန၊ တိုက်ကြီး)၊ ဦးဝင်းနိုင်-ဒေါ်အေးအေးခန့်၊ ဦးသက်ဖြိုးဝေ-ဒေါ်ချောစုဟန်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် (၂၃-၂၅)၊ ပထမထပ်နေ ဒေါ်ဝေဝေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်သဇင်ထက် (Shwe Taung Infrastructure Investments)၏ ချစ်လှစွာသောဖခင်သည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဆွေ(မုံရွာ)

**အငြိမ်းစား(လယ်၊ စိုက်၊ ရှင်း)၊**

**ဗဟန်းမြို့နယ်လုပ်ငန်းစစ်ဆေးရေး(အဖွဲ့ဝင်)**

**အသက်(၈၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနဲမြို့နေ (ဦးစံဘေ-ဒေါ်မယ်ရှင်း)တို့၏သား၊ မန္တလေးမြို့နေ(ဗိုလ်မှူးမြတ်ကျော်ဝင်း-ဒေါ်ခင်သန်းညွန့်)၊ မုံရွာမြို့နေ (ဦးဘကိုး)-ဒေါ် ခင်လေးကြည်(ရွှေပြည်တန်)တို့၏မောင်၊ ရန်ကုန်မြို့၊ တိုက်(၂)၊ အခန်း (၀၁)၊ ULBဝင်း၊ ရန်ကုန်တက္ကသိုလ်နေ ဒေါ်တင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်လင်းအောင်၊ (ဦးအောင်ခိုင်)-ဒေါ်ခင်ခင်ဆွေ၊ ဦးမြတ်စိုး (ရေကြောင်းပြမှူးကြီး)-ဒေါက်တာဖြူစုအောင်(ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁၇-၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၂၁ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါ ရန်ကုန်မြို့၊ တိုက်(၂)၊ အခန်း(၀၁)၊ ULB ဝင်း၊ ရန်ကုန်တက္ကသိုလ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညာဝံသ

**သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်**

ဘုရားတပည့်တော်တို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်တော်မူသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ မန္တလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော သိက္ခာတော်(၆၆)ဝါ၊ သက်တော် (၈၆)နှစ်ရှိ ဘဒ္ဒန္တပညာဝံသမထေရ်မြတ်ကြီးသည် (၁၃၈၂ ခုနှစ်၊ တပို့တွဲ လဆန်း ၄ ရက်) ၁၅-၂-၂၀၂၁ (တနင်္လာနေ့) ည ၁၀:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) ၁၉-၂-၂၀၂၁ ရက်တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဇော်မင်း

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ ဦးငွေဂိုင်လမ်း၊ အမှတ် (၇၅၉)နေ (ဦးနေမင်း)- ဒေါ်ယဉ်ကြည်တို့၏ ချစ်လှစွာသောသား၊ [ဦးလှကြိုင်-ဒေါ်ငွေးကြည်မြင့်(စား/ထွေ)]တို့၏ သားသမက်၊ ဒေါ်သွဲ့သွဲ့နိုင်၏ ချစ်ခင်ပွန်း၊ ကိုနေမင်းထွဋ်၊ ကိုရဲမင်းထွဋ်-မခိုင်ကြည်စု၊ မငုမျက်ခြယ်ဇော်-ကိုသက်ပိုင်စိုးတို့၏ ချစ်လှစွာသောဖခင်၊ သဒ္ဓါမင်းစံ၏အဘိုး၊ (ဦးအောင်ထွန်းမင်း)-ဒေါ်စန်းရီ၊ ဒေါ်မော်မော်နိုင်တို့၏ ညီ/မောင်၊ ဦးမျိုးထွန်းမင်း-ဒေါ်အောင်အောင်မေ၊ ဦးအောင်ကြည်မင်း-ဒေါ်အေးအေးသိန်း၊ ဒေါ်ယဉ်ယဉ်စမ်းမင်း-ဦးသူရဇော်၊ ဒေါ်ယဉ်ယဉ်ထွန်းမင်း-ဦးစိုးမင်းငွေ၊ ဦးဇာနည်မင်း-ဒေါ်မေယုမွန်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၁(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အာနိစ္စ**

**နိုင်ငံ**

**သာယာ**

**ဝပြောဖို့**

**သဘာဝ**

**တောတွေ**

**ထိန်းသိမ်းစို့**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာ ဦးထွန်းအေး (၈၃)နှစ်

**ကလေးအထူးကုဆရာဝန်ကြီး (ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ် (၄၁)၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၁)၊ မရမ်းကုန်းမြို့နယ်နေ (ဦးဖိုးပါ-ဒေါ်စိန်ကြည်)တို့၏ သား၊ ဒေါ်ချယ်ရီလွင်၏ခင်ပွန်း၊ ဒေါက်တာအောင်အောင်လွင်-ဒေါက်တာစန်းသော်တာအေး (USA)၊ ဦးကြီးဇေယျ (ဒု-အင်ဂျင်နီယာချုပ်-လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါက်တာနှင်းဝတ်ရည်အေး (ကလေးအထူးကုဆရာဝန်၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး)၊ (မသင်းဝတ်မှုံအေး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မနှင်းဏ္ဍာလွင်၊ မောင်ထွဋ်ဝင်းအောင်၊ မောင်လင်းဝေယံထက်၊ မဝင့်သော်တာ အောင်တို့၏ ချစ်လှစွာသောအဘိုး ဒေါက်တာ ဦးထွန်းအေးသည် ၁၆-၂-၂၀၂၁(အင်္ဂါနေ့) ည ၇:၂၀နာရီတွင် (၉၆)ပါးရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးစိုးညွန့်

**အသက်(၈၄)နှစ်**

**(ရုံးသပြေကန်ရွာ)(ခရမ်းမြို့)(သန်လျင်မြို့)**

**(MEIS)(MEDITRADE)(PHARMACEUTICAL Product Co., LTD)**

**မန်နေဂျာ(ငြိမ်း)**

ခရမ်းမြို့နေတရားရုံးချုပ်ရှေ့နေကြီး (ဦးဘသွင်-ဒေါ်စိန်ပု)တို့၏သားထွေး၊ အမှတ်(၄၅၊ သုံးလွှာ(ဝဲ)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)၊ (ဦးရွှေဝင်း-ဒေါ်ငွေကျင်)၊ (ဦးအေးမောင်-ဒေါ်အုန်း)၊ (ဦးဘရီ)-ဒေါ်လှရီ၊ ဒေါ်တင်တင်၊ (ဦးတင်မောင်ဝင်း)-ဒေါ်ခင်လှိုင်ကြူတို့၏ ညီ/မောင်/အစ်ကို၊ ဦးသီဟကိုကို-ဒေါ်သဇင်မော်၊ ဒေါ်အိသန္တာစိုးတို့၏ ဖခင်၊ မခင်သုဝေ၏အဘိုး ဦးစိုးညွန့်သည် ၁၂-၂-၂၀၂၁ (သောကြာနေ့) နံနက် ၉နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း

**(ဦးခန္တီဆေးတိုက် မှော်ဘီ)**

**အသက် (၆၄) နှစ်**

မှော်ဘီမြို့နေ (ဦးထွန်းဖေ-ဒေါ်ထွေး)တို့၏ သား၊ ဒေါ်ယဉ်နွဲ့၏အစ်ကို၊ မှော်ဘီမြို့နေ ဗကကျော်ခိုင်ဝင်း-မချိုဇင်ကျော်တို့၏ဖခင်၊ မဆုသဒ္ဒါထက်၊ မောင်သစ်ထူးအောင်တို့၏အဘိုး၊ ဒေါ်ငွေးငွေး(ငွေးပူရှိန်းလျက်ဆား)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၂-၂၀၂၁(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၁(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မှော်ဘီမြို့နေအိမ်မှ မှော်ဘီသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးစိုးညွန့်

**(ရုံးသပြေကန်ရွာ)(ခရမ်းမြို့)(သန်လျင်မြို့)**

**(MEIS)(MEDITRADE)(PHARMACEUTICAL Product Co., LTD)**

**မန်နေဂျာ(ငြိမ်း)**

**အသက်(၈၄)နှစ်**

သန်လျင်မြို့နေ ရက်ကန်းကျောင်းအုပ်ဆရာကြီး (ဦးလှဖေ-ဒေါ်သိန်းချစ်)တို့၏ သားသမက်၊ အမှတ်(၄၅)၊ သုံးလွှာ(ဝဲ)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ (ဦးအုန်းဟန်)-ဒေါ်ကျင်ကျင်ညွန့်၊ ဦးသိန်းထွန်း-ဒေါ်မြမြသွင်၊ ဦးခင်မောင်ထွေး-ဒေါ်သီရိထွန်းတို့၏ အစ်ကို၊ ဦးသီဟကိုကို-ဒေါ်သဇင်မော်၊ မအိသန္တာစိုးတို့၏ဖခင်၊ မခင်သုဝေ၏ အဘိုး ဦးစိုးညွန့်သည် ၁၂-၂-၂၀၂၁ (သောကြာနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ကြည်

**အသက်(၇၆)နှစ်**

**တိုင်းဥပဒေအရာရှိ(ငြိမ်း)**

မြန်မာနိုင်ငံ အငြိမ်းစားဥပဒေအရာရှိများအသင်း၊ အသင်းဝင် ဦးမြင့်ကြည် (တိုင်းဥပဒေအရာရှိ- ငြိမ်း)သည် ၁၆-၂-၂၀၂၁ ရက် နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ အငြိမ်းစားဥပဒေအရာရှိများအသင်း**

## ဦးမျိုးသိမ်းဦး

**တင်းနစ်လက်ရွေးစင်ဟောင်း(တောင်ကြီးမြို့)**

**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ (၆၈/ခ)၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးဖေသိန်း-(ဒေါ်ခင်မျိုးကြူ)တို့၏ သား၊ ဒေါ်လေးမေ၏ သားသမက်၊ ဒေါ်နှင်းနှင်းအေး၏ ခင်ပွန်း၊ ဦးအောင်သော်ဦး- ဒေါ်ထက်တာရည်၊ ဦးဝင်းသော်ဦးတို့၏ဖခင်သည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၂၁(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ကြည်

**အသက်(၇၆)နှစ်**

**B.A(Law) LL.B (တရားလွှတ်တော်ရှေ့နေ)**

**တိုင်းဥပဒေအရာရှိ(ငြိမ်း)ရှေ့နေချုပ်ရုံး**

ခင်မင်ရသော ဦးမြင့်ကြည်သည် ၁၆-၂-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သင်တန်းဆင်းသူငယ်ချင်းများ**

**အောင်ဆန်း-၆၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**



**COVID-19**

**ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို ရှောင်ကြဉ်ရန် လူတိုင်းတာဝန်ရှိသည်။**

**#LETSBEATCOVIDTOGETHER**

လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ။ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် နေထိုင်ပြုမူပါ။

(၁) လူအစုအဝေးကို ရှောင်ရှားပါ။

(၂) လူအများနဲ့အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။

(၃) လူအများအပြားရှိတဲ့ အလုံပိတ်နေရာတွေနဲ့ လေဝင်လေထွက်ကောင်းစွာမရတဲ့နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။

ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီတူ ဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မြင့်

**ရန်ကုန်တိုင်းလျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**အသက် (၉၀)**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း အသင်းဝင်နှင့် သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးကျော်မြင့် အသက်(၉၀)သည် ၆-၂-၂၀၂၁ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းမြင့်

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဓာတ်ငွေ့စက်ရုံ**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**အသက် (၆၆)နှစ်**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း အသင်းဝင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူးဖြစ်သူ ဦးဝင်းမြင့် (အင်ဂျင်နီယာချုပ်-ငြိမ်း)သည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြင့်

**အသက်(၆၅)နှစ်**

ရွှေတောင်လုပ်ငန်းစု၏ Consultant ဦးဝင်းမြင့်သည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတောင်လုပ်ငန်းစု**

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၇၀၂၀)၊ မြေဧရိယာ(၀.၁၁၀) ဧကရှိ ဦးအေးလွင် (ဘ) ဦးကျော်သိန်း [၁၂/အစန(နိုင်)၀၇၂၄၉၀] အမည်ပေါက် (ပါမစ်)မြေကွက်ကို ဦးစိုးမြင့်အေး (ဘ) ဦးအေးမောင် [၉/မရမ(နိုင်) ၀၁၀၀၂၉]မှ မြေပေးမိန့်မူရင်း၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၁၈၄/၂၀၂၁ (၂၆-၁-၂၀၂၁) မူရင်းများတင်ပြ၍ ဦးအေးလွင် အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**

**သဘာဝ တောတွေ ထိန်းသိမ်းစို့**



# ရန်ကုန်မြို့ပြခရီးသွားနှင့် ပိုမိုကောင်းမွန်သော မြို့ပတ်ရထားများ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည့်အလျောက် လူဦးရေထူထပ်သိပ်သည်းစွာ နေထိုင်သော မြို့ကြီးဖြစ်သည်။ စုစုပေါင်းလူဦးရေ ခုနစ်သန်းခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။ ထိုမျှများပြားလှသော လူဦးရေအနက် နေ့စဉ်သွားလာရန်းကန်လှုပ်ရှား ခရီးသွားလာနေကြသူများလည်း နည်းလိမ့်မည်မဟုတ်ပေ။ ကားတစ်တန်၊ လှေတစ်တန် နိစ္စဓူဝ ခရီးသွားလာနေကြမည်မှာ အသေအချာပင်ဖြစ်သည်။

အထူးသဖြင့် ဘတ်စ်ကားစီးခရီးသွားကြသူများနှင့် မြို့ပတ်ရထားစီးခရီးသွားကြသူများမှာ အများဆုံးဖြစ်သည်။ ဤသို့ ခရီးသွားများ ပိုမိုများပြားလာသည့်အလျောက် ဘတ်စ်ကားများ၊ အိမ်စီးကားများမှာလည်း လွန်စွာမှပင်များပြားလျက်ရှိရာ နေ့စဉ်နှင့်အမျှ ယာဉ်ကျပ်တည်းမှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာ့မီးရထားက ရန်ကုန်မြို့ပတ်ရထားသွားလာရေး အဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြန်လာခဲ့ပါ လုပ်ငန်းခွင်ဆီ . . .**

စာမျက်နှာ » ၁၀

**ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်လျက်ရှိသည့် နိုင်ငံနှင့် ဒေသပေါင်း ၇၀ ကျော်ရှိလာ**

စာမျက်နှာ » ၁၃

**ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွှေဥမင် သဘာဝလိုဏ်ဂူတော်ဘုရားအား ပြန်လည်ဖွင့်လှစ်**

စာမျက်နှာ » ၂၃

## ချင်းရွှေဟော်၌ နေရပ်ပြန်ပြည်သူ ၆၇ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် သီးခြားထားရှိပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ Rapid Test Kit စနစ်ဖြင့် ယနေ့နံနက် ၁၁ နာရီတွင် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ၌ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးခဲ့သည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၆၇ ဦးမှာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၃၂ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ကချင်ပြည်နယ်မှ နှစ်ဦး၊ နေပြည်တော်မှ သုံးဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၂၉ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ခုနစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးခဲ့ရာတွင် စစ်ဆေးချက်အဖြေအရ နေရပ်ပြန်ပြည်သူအားလုံးတွင် ရောဂါပိုးမတွေ့ရှိရကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီထံမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)





## ပီအက်စ်ဂျီအသင်းက အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် ဘာစီလိုနာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေထဲက ပွဲကောင်းတစ်ပွဲဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် ဘာစီလိုနာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက တိုက်စစ်မှူး မက်ဆီရဲ့ ပွဲကစားချိန် ၂၇ မိနစ်မှာ သွင်းယူခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကြောင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၂ မိနစ်မှာ တိုက်စစ်မှူး အမ်ဘတ်ပီက ပီအက်စ်ဂျီအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပွဲကစားချိန် ၆၅ မိနစ်မှာ အမ်ဘတ်ပီ၊ ပွဲကစားချိန် မိနစ် ၇၀ မှာ မွိုက်ကီယန်နဲ့ ပွဲကစားချိန် ၈၅ မိနစ်မှာ အမ်ဘတ်ပီတို့က သွင်းဂိုး အသီးသီးသွင်းယူပေးခဲ့တာကြောင့် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဥရောပပြိုင်ပွဲအရပ်ရပ်မှာ အိမ်ကွင်းပွဲစဉ်စုစုပေါင်း ၂၇၈ ပွဲကစားခဲ့ရာမှာ အခုပွဲစဉ်အပါအဝင် ပေးဂိုးသုံးဂိုးနဲ့အထက် ပေးခဲ့ရတဲ့ ပွဲစဉ်နှစ်ပွဲသာရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းကတော့ ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းမှာ အနိုင်ရရှိခဲ့တဲ့ ဒုတိယမြောက် ပြင်သစ်အသင်းလည်း ဖြစ်လာခဲ့ပါတယ်။

ဒါ့ပြင် ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အိမ်ကွင်းနောက်ဆုံး ကစားခဲ့ရတဲ့ အဝေးကွင်းပွဲစဉ်ပေါင်း ၂၀ မှာ အနည်းဆုံးသွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၀ ရက်မှာ ပီအက်စ်ဂျီအသင်းရဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပေါင်ခြံဒဏ်ရာရနေတဲ့ တိုက်စစ်မှူး နေမာ ပြန်လည်ပါဝင်လာလိမ့်မယ်လို့ ပီအက်စ်ဂျီအသင်းက မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ငွေကြယ်